
စိတ်ကူးချိုချိုအနုပညာ

# နိုင်ဝင်းဆွေ

# အချစ်ည နှင့် ညအသချေ်မှာ




နှစ်အုပ်ပေါင်းပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# နိုင်ဝင်းဆွေ

## အချစ်ည နှင့် ညအသချေိမှာ



NWS0006

2,700.00 KS

mgyoe.com

mgyoe.com

အချစ်ညနှင့်ညအသင်္ချေမှာ၊ နိုင်ဝင်းဆွေ
မျက်နှာဖုံး-သန့်ဇော်သစ်၊ စာမျက်နှာ ၄၇+၁၉၉++မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၆၊ ဩဂုတ်လ၊ နှစ်အုပ်ပေါင်းပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၂ အပေါင်းလက္ခဏာစာပေ ပထမအကြိမ်ထုတ် အချစ်ည၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အချစ်ညနှင့် ညအသင်္ချေမှာ

နိုင်ဝင်းဆွေ

နှစ်အုပ်ပေါင်းပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ

၁။ ညအသခေျမှာ ၁

- မိမိအရိပ်ကို ပြန်ငဲ့ကြည့်ခြင်း (အချစ်ည အမှာစာ) က

၂။ အချစ်ည ၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အချစ်ည

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မိမိအရိပ်ကို ပြန်ငုံကြည့်ခြင်း

မေလ၌ 'ရှုမဝ၊ စန္ဒာ၊ မြဝတီ' ခေါင်းစည်းဖြင့် ပြည်သူ့ကြယ် ဝေဖန်ရေးအခန်းတွင် ကျွန်တော်၏ 'အချစ်ည'ကို ထက်မြက်က တိုက်ခိုက်လိုက်လေသည်။

သူမပိုင်တဲ့အကြောင်းအရာတစ်ခုကို ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ အမောင် တောင်မှန်းမြောက်မှန်းမသိအောင် ဖွဲ့နွဲ့ထားသော မြောင်းပုပ်ထဲကရေလိုမြင်ရတာ ညစ်ထေးထေး။ နံလိုက်တာ ဟောင်လို့။ နိုင်ဝင်းဆွေဟာ ဘမင်းလို လူငယ်မျိုးမွေးထုတ်လိုက်တော့ လူငယ်တွေဟာ လကွယ်ညအမှောင်တွေ ဖြစ်နေမှာပဲ။

ဇာတ်လိုက်ကို တော်လှန်ရေးသမား သူရဲကောင်းကြီးအဖြစ်နဲ့လည်းထားချင်တယ်။ ဒါပေမဲ့ အနုအဖွဲ့တွေနဲ့ စိတ်ကူးယဉ်တာတွေနဲ့ ဖုံးအုပ်လိုက်တော့ သူရဲဘောကြောင်သူ အချစ်ရူးကြီးဖြစ်နေတယ်။

နိုင်ဝင်းဆွေရဲ့ မလှမပ အဆိပ်ပန်းတစ်ပွင့်ပေါ့။

စသည်ဖြင့် တိုက်ခိုက်ရင်း ကျွန်တော်၏ "မသိန်းရှင်ဆီ ပို့ပေးပါ" နှင့် "မဟူရာမေတ္တာ" တို့ကို အချစ်ညအောက်၌ နက်ရှိုင်းစွာတူးကာ မြှုပ်နှံဖုံးကွယ်လိုက်ပြန်သည်။ သူ့ဒေါသများအကြား၌ ကွက်လပ်ငယ်များ ဖြစ်

mgyoe.com

mgyoe.com


ကျန်ရစ်ခဲ့၏။ အကယ်၍ လွန်ခဲ့သည့်လ အနည်းငယ်ကဆိုလျှင် ကျွန်တော်သည် ထိုကွက်လပ်ငယ်များပေါ်မှ တက်ရပ်ကာဒေါသဖြစ်နေသော သူ့ကို ငုံ့ကြည့်ရင်း ခပ်ဟဟ ရယ်မောမိလေမလားမသိ။ သို့မဟုတ် အရှိက်ကို ပွေ့ထိုးတိုက်ခိုက်လေမလား။

ခုအခိုက်အတန့်၌မူ ကျွန်တော်သည် ထိုသို့မရယ်မောချင်ပေ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် မိမိ၏မပြည့်အိုး လှုပ်နေပုံကို မြင်တွေ့ရစပြုနေပေပြီ။ ကျွန်တော်ကား ဖြည့်ဆည်းရန် ကွက်လပ်ငယ်ပေါင်းများစွာဖြင့် တည်ဆောက်ထားသူပေတကား။

"မဟူရာမေတ္တာ" ရေးစဉ်ကဆိုလျှင် ကျွန်တော့်အသက်မှာ နှစ်ဆယ်ပတ်ဝန်းကျင်၌ ရှိပေလိမ့်မည်။ ထိုစဉ်အခါက ကျွန်တော်သည် "ငါအလွန်တော်တဲ့လူ" ဟု တွေးနေခဲ့၏။ ထို့ကြောင့်ပင် ခမ်းနားကြီးကျယ်သော ထိုဝတ္ထုကြီးကို မိုက်ရူးရဲစိတ်ဖြင့် ရေးသားလိုက်၏။

ထိုဝတ္ထုထဲ၌စစ်ရူး ဗိုလ်သနိုးဘုရင်မကြီးသည် အရှေ့ဘက်ရှိ မိမိနှင့်လူမျိုးကွဲများကို မာယာများစွာဖြင့် သိမ်းသွင်းကာ သီရိခေတ္တရာကို ပြန်တိုက်ခိုက်လေသည်။ အရှေ့ဘက်သားများစွာ၏ အသက်များစွာကို ကျွန်တော်သတ်ဖြတ်ခဲ့၏။ သွေးပင်လယ်ပြင်အောက်၌ နှစ်မြုပ်သွားစေခဲ့၏။ ဘုရင်မကြီး၏နယ်ချဲ့စနစ်ကို ကျွန်တော်ထောက်ခံခဲ့ပေသည်။ လူမျိုးတို့၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကို နက်ရှိုင်းစွာ ခံစားလာရသည့် ခုအခါ၌ကား ခု ကျွန်တော်သည် ထိုစဉ်က ကျွန်တော့်ကို ပြန်၍ဝေဖန်နေရသည်။

ကျွန်တော်၏ "ညအသချေ်မှာ"မှာ ကိုယ်ရေပြား ဝေဒနာသည်များအကြောင်းကို ရေးသားခဲ့၏။ ကျွန်တော်သည် သူတို့ဘက်၌ ရပ်တည်ကာ လူမှုရေးအပစ်ပယ်ခံများ၏ကိုယ်စားဟု သဘောထားခဲ့၏။ စာရေးဆရာတစ်ဦးက "ခင်ဗျား ဒီဝတ္ထုမျိုး မရေးပါနဲ့ဗျာ။ သူတို့ဘက်ကနေ ကြည့်ရင် သူတို့ကိုယ်သူတို့ သတ်သေချင်လိမ့်မယ်" ဟု တွေးဆပြောလိုက်လေသည်။ စာအုပ်ဟူသည် ပညာပေးဟု ယူဆနေသည့် လူငယ်တစ်ဦးက "ခင်ဗျားဝတ္ထုဖတ်ရမှ ကိုယ်ရေပြားရောဂါ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ သိလာတယ်၊ ကြည့်ရှောင်မှ" ဟု ပြောသောအခါ ကျွန်တော်သည် ဒေါမနဿ များခဲ့ရပြန်သည်။

mgyoe.com

mgyoe.com



ကျွန်တော်၏ "မြစပယ်ရုံ" တွင် ကျွန်တော်သည် ပြဿနာတစ်ရပ်ကို တစ်ဖက်တည်းမှကြည့်ကာ တိုက်ခိုက်ရေးသားလိုက်၏။ ခုခေတ်ဇာတ်ခုံများပေါ်ရှိ ရုပ်ရှင်အတုသရုပ်ပျက်ပြဇာတ်များကို တိုက်ခိုက်လျက် ပဒေသရာဇ် ခေတ်ရှေးဟောင်းပြဇာတ်များကို ဇာတ်ခုံပေါ်ပြန်တင်ရန် ကျွန်တော် ကြိုးပမ်းနေသည်။ ကျွန်တော် ငြင်းမရသည့်အချက်မှာ ခုခေတ်ပြည်သူများသည် ခုခေတ်ပြဇာတ်များကို တောင်းခံနေကြခြင်းဖြစ်၏။

ထို့ကြောင့်ပင် ကျွန်တော်သည် မြစပယ်ရုံနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ကို မကြာမကြာ ရေးလိုစိတ်ပေါ်နေပေသည်။ ဖက်ဆစ်တော်လှန်ရေးကာလက ရုပ်ရှင်သမားများ အလုပ်မရှိ၍ လူ့ဘိုင်စကုတ်လည်ပြရင်း အရပ်တိုင်းရှိ လူများက ပြဇာတ်များ ကလာကြသည်ကို ကျွန်တော် မေ့လျော့မိပေသည်။ ထိုပြဇာတ်များမှာ ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်သူများကို နှိုးဆွပေးကြ၏။

ခုအခါ၌လည်း ပြဇာတ်ဆရာတို့သည် ရုပ်ရှင်အတုပြဇာတ်များကို ပစ်ပယ်ကာ ပြည်သူ၏ချီတက်ရာ လမ်းကြောင်းနှင့်အတူ၊ သမိုင်းနှင့်အတူ၊ ထက်မြက်သော တက်ကြွသော တော်လှန်သောပြဇာတ်များကို ကပြသင့်ကြပေပြီ။

"မသိန်းရှင်ဆီ ပို့ပေးပါ" ကျော်ကြားလာခြင်းမှာ အနုအလှအငိုအရှိုက်တွေကြောင့်ဟု ထက်မြက်သည် သူ့တိုက်ခိုက်ရေးစာတမ်း၌ ထုတ်ပြန်လိုက်ပေသည်။

"ညိုညိုနှင့် အပေါင်းပါတို့ကဲ့သို့ လူကိုရင်းပြီး အသက်ကိုစတေးပြီး စားဝတ်နေရေးကို ဖြေရှင်းနေကြရရှာသောသူတွေ အနမတဂ္ဂရှိနေပါသည်" ဟု မြောင်းမြဘဆွေက ရွှေတူဂျာနယ်တွင် ရေးသားခဲ့သည်ကို ကျွန်တော် သတိရမိသည်။

မသိန်းရှင်၌မူ ထက်မြက်မြင်သလို ကျွန်တော်မမြင်။

မသိန်းရှင်၌ တင်ပြပုံ အဘယ်မျှကျွမ်းကျင်ရမည်ကို ကျွန်တော်သိပါသည်။ အဘယ်မျှအလှပစ္စည်းများအတွင်း၌ မြှုပ်နှံထားရမည်ကို ကျွန်တော်သိပါသည်။ ကာလဒေသအရ မသိန်းရှင်တွင် အဘယ်မျှ နရန္တ.ရမည်ကို ဝေဖန်သူသည်လည်း သတိထားနိုင်ကောင်းပါသည်။ "နို့တစ်ဝက် အိပ်

mgyoe.com

mgyoe.com


မက်" ဝတ္ထုမျိုး၌ အဘယ်သို့ရေးရမည်ကို ကျွန်တော်သိပါသည်။

သူတိုက်ခိုက်နေသည်ကို ကျွန်တော် ကာကွယ်နေခြင်းမဟုတ်။ မလိုအပ်ပါ။ ကျွန်တော်ကား အမှန်တရားကို ရှာဖွေရန် တပ်မက်မှုပြင်းပြနေသူဖြစ်၏။ အတ္တကို ရှေ့တင်ကာကွယ်ရင်း သေးသိမ်သွားသူ ခွန်အားကုန်ခန်းသွားသူမဖြစ်လို။

အဘယ်ကြောင့်ဆိုသော် မိုးကုပ်စက်ဝိုင်းသစ်ဆီသို့ ချီတက်နေသူပြည်သူကြီးအတွင်း၌ မိမိ၏ရှိသည့် ခွန်အားကိုအသုံးချလိုသူဖြစ်၏။ ကျွန်တော်တို့သည် အိမ်အိုအိမ်ဆွေးကြီး၏ သံချေးတက် သံတံခါးမကြီးကို ဆောင့်ကန်ဖွင့်ကာ မိုးကုပ်စက်ဝန်းဆီသို့ အပြင်းချီတက်ကြရလိမ့်မည်။

ကျွန်တော်သည် ထီးထီးကျန်ရစ်ခဲ့သူ မဖြစ်လို။ အခိုက်အတန့်၌ကား ကျွန်တော်သည် လမ်းစပျောက်နေခဲ့၏။ ထက်မြက်ရေးသည့် 'မျက်ကန်း' ဖြစ်နေခဲ့၏။ ထီးထီးရပ်နေ၏။ ကျွန်တော့်မျက်လုံးများကား ပြည်သူတစ်ဦး၏ ဘဝကသင်ကြားပေးထားသော မယုံသင်္ကာ ရှိသောမျက်လုံးများဖြစ်၏။ ကျွန်တော့်ရှေ့၌ တစ်စုံတစ်ရာတွေ့လျှင် ထိုတစ်စုံတစ်ရာကို စက်ဆုပ်စွာဖြင့် ကြည့်နေ၏။ ရှေ့တည့်တည့်မှ ကြည့်နေ၏။ နောက်ဘက်မှ ဝင်ရောက်၍ ခွဲခြမ်းစိတ်ဖြာကြည့်သည့် အကြည့်မဟုတ်။

ထို့ကြောင့်ပင် ကျွန်တော်၏'အချစ်ည' ၌ ကျွန်တော် မပိုင်နိုင်သော အကြောင်းအရာကို မျက်ကန်းတစ်ဦး၏ စမ်းတဝါးဝါး အတွေ့အထိဖြင့် ရေးသားခဲ့ပေသည်။ စာဖတ်သူများက ကျွန်တော့်အား ကျွမ်းကျင်ပိုင်နိုင်သူဟုထင်လျှင် အမြင်များစွာတိမ်းမှောက်သွားမည်။

"ဘဝသည် ည
ညသည် အလှ
အလှနဲ့ အချစ်
ပေါင်းစီးရစ်တဲ့ . . .အချစ်ည"
ဟူ၍ ကျွန်တော်ရေးချင်သည်။

"ဘဝသည် မွေးဖွားလာခြင်းနှင့် သေဆုံးခြင်းအတွင်း၌သာရှိ၏။ ထိုအတွင်း၌ ပြည်သူ၏မိုးကုပ်စက်ဝိုင်းသစ်ဆီ လှမ်းချီရေး၌ အသက်ကိုပုံအပ်ထားသူတစ်ဦးအတွက်ကား ဘဝမှာငြီးငွေ့ဖွယ်ရာ မဟုတ်။ ဘဝကို ညဟု

mgyoe.com

mgyoe.com


ဆိုလျှင် ထိုသူမျိုး၏ညသည် အချစ်ည အလှညသာတကား။ စက္ကန့်တိုင်း၌ ဘဝကို တပ်မက်နေရမည်တကား"

ကျွန်တော်ကား ဇာတ်ကောင်ကိုယ်စား ထိုစကားရပ်များကို ရွတ်ဖတ်သရဇ္ဈာယ်နေသော်လည်း ကျွန်တော်ကိုယ်တိုင်၏ စမ်းတဝါးဝါးအမြင်ကြောင့် ကျွန်တော့်ဇာတ်ကောင်ကို ကျွန်တော် လမ်းမပြနိုင်။

ထိုအခါ၌ ကျွန်တော့်ဇာတ်ကောင်ကသာ ကျွန်တော့်ကို လမ်းပြခေါ်ဆောင်သွားခဲ့ပေသည်၊ အမှောင်ထုကြီးဆီသို့ ရှေးရှုသွားနေသည်။

ကျွန်တော်တို့သည် တစ်ပြိုင်နက်တည်း တိုက်ပွဲနှစ်ခုကို တိုက်ခိုက်နေရ၏။ တစ်ခုမှာ သမိုင်းတာဝန် (အကြောင်းအရာ)၊ တစ်ခုကား အနုပညာ။ အနုပညာမပါလျှင် ကျွန်တော်တို့သည် ပျင်းရိဖွယ်ရာ ခြောက်သွေ့နေသော၊ တွန့်လိမ်နေသော ကြော်ငြာစာတန်းများကိုသာ ဝေငှမိလိမ့်မည်။ သမိုင်းတာဝန်ကို နားမလည်လျှင် ကျွန်တော်တို့သည် လှပသော အဆိပ်ပန်းများကိုသာ ပေးဝေငှလိမ့်မည်။

ကျွန်တော်ကား "တက်ကြွသော စိတ်ကူးယဉ်စာပေ" ကို ကာလဒေသအရ ဆုပ်ကိုင်လိုပါသည်။

သူသည် ရုပ်တရားဖြစ်စဉ်အပေါ်၌ ရပ်တည်ကာ လူမှုရေးတိုးတက်မှု၊ လူ့သမိုင်းတိုးတက်မှုကို ရှေ့ဆောင်လိမ့်မည်ဟု ကျွန်တော်ယုံသည်။

သရုပ်ဖော်စာပေဆိုပြီး တစ်နေရာ၌ ရက်သတ္တတစ်ပတ်သွားလေ့လာသည်ဆိုပြီး ဓာတ်ပုံရိုက်ယူငင်လာခဲ့ပြီး ပြန်၍ဆေးကူးပြသည့် ပြည်သူ့လိုအပ်ချက် မပါသော "ဓာတ်ပုံရိုက် သရုပ်ဖော်ဝါဒ" ၏ ခန်းခြောက်တွန့်လိမ်နေမှုကား လူ့သမိုင်းအတွက် အမှိုက်သရိုက်အလေ့အမွှားများ ဖြစ်ပေလိမ့်မည်။

ကျွန်တော်ကား အချစ်ည၌ မိမိမပိုင်နိုင်သော ဘဝကိုဝိုးတဝါးအတွေ့ဖြင့် ရေးခြယ်လေရာ ကျွန်တော့်ဇာတ်ကောင်သည် ကျွန်တော်ချမှတ်ပေးလိုက်သည့်စေတနာကိုလည်း မယူငင်နိုင်၊ သူသည် အချစ် အချစ် . . . နှင့် တမ်းတနေ၏။ အချိန်ရတိုင်း အချစ်ကဗျာကလေးများကို ဘိန်းယစ်မူးသလိုရွတ်နေ၏။ သူ့ဘဝတစ်သက်တာ၌ မြစန္ဒာအတွက် ကဗျာရေးကာ မြစန္ဒာ၏ရုပ်ပုံကားကိုရေးကာ တစ်ခါတစ်ရံ ထိုမျှနှင့် အားမရ

mgyoe.com

mgyoe.com
သဖြင့် သူလည်းနားမလည်၊ ဘယ်သူမျှလည်း နားမလည်သည့် စိတ်အာရုံကို နက်ရှိုင်းစွာပစ်ပေါက်လွှတ်လိုက်သည်ဆိုသော ပန်းချီကားများရေးခြယ်ကာ သူသည် သေရာ၌ပင် ရိုးရိုးမသေ၊ ပန်းချီကားများအလယ်၌ သေသွားပါလေရော။

ဟိုဘက်ဘဝမရှိဟု သူသိနေရာ အနည်းဆုံး သူသေသောအခါ၌ မြစ်နှာနှင့် မြေပုံချင်းပင် အတူတူယှဉ်ထားချင်ပြန်ပါလေရော . . .။

သူသည် သူ့စိတ်ကူးယဉ်မှု အတ္တအခွေကလေးထဲ၌သာ ကရွတ်ကင်းလျှောက်နေရင်း လူ့ဘုံဘဝမှ ပြေးထွက်ကာ တစ်ကိုယ်တည်း နစ်မြုပ်နေရင်း ကျွန်တော်၏ "အချစ်ည" မှာ ကျွန်တော်မပိုင်နိုင်သည့် အကြောင်းအရာကို ရေးခြယ်မိသဖြင့် "အတ္တလွန်စိတ်ကူးယဉ်ဝါဒ" စာပေဖြစ်ကာ ပျက်စီးတိမ်းပါးသွားလေပြီ။

အိတ်ဇစ် စတင်ရှယ်လစ်ဇင် ဟုဆရာတို့က ခေါ်ကြလေမလားမသိ။

[ပြည်သူ့ကြယ်ရပ်ဆိုင်းသွားပြီး ပြန်ယူခဲ့ရသော ဆောင်းပါး]

mgyoe.com

mgyoe.com

# အချစ်ည

**သမီးချစ်တဲ့ဖေဖေ**

ဒီညမှာ တောင်ကြားမြို့ကလေးဟာ ဖေဖေ့ကို နောက်ဆုံးအနေနဲ့ ဂုဏ်ပြုပေးနေသလို တိတ်ဆိတ်ငြိမ်သက်နေတယ်။ အသံဆိုလို့ အိမ်အမိုးပေါ်ကို နှင်းစက်ကလေးတွေ ကြွေကျနေသံ။ တောင်ကြားလေတိုက်ခတ်လာသံဟာလည်း ခပ်တိုးတိုးပါ။ မောလျစပြုနေတဲ့ ဖေဖေ့အသက်ရှူသံပဲရှိတယ်ဖေဖေ။ အိမ့်အပြင်ဘက်မှာတော့ ဖေဖေချစ်တဲ့ နှင်းမှုန်နှင်းစက်တွေ တဖွေးဖွေးကြွေနေတယ်။

"မနက်ဖြန် စနေနေ့နော်"လို့ ဖေဖေက တိုးတိုးယဲ့ယဲ့ ပြောနေတယ်။ ဖေဖေ့အသံဟာ ကြည်လင်နေတုန်းပဲနော်။ ဖေဖေ့မျက်လုံးတွေလည်း တောက်ပနေတုန်းပဲနော် ဖေဖေ။

"ဖေဖေ ထိုင်နေချင်တယ်။ ခေါင်းအုံးတွေကို ခုပေးစမ်းပါ . . .။ တံခါးတွေဖွင့်လိုက်စမ်းပါ သမီးရယ်။ လသာနေတယ် မဟုတ်လား။ လရောင်တွေ ဝင်လာကြစမ်းပါစေ။ အို . . .ဖေဖေ မအေးပါဘူး သမီးရဲ့။ ဖျားတာမှ မဟုတ်ဘဲ။ အေးတယ်ထင်ရင်လည်း စောင်ခြုံပေးခဲ့လေ"

သမီးလည်း တံခါးတွေဖွင့်ပါတယ် ဖေဖေ။ ပြတင်းတွေ ဖွင့်လိုက်တိုင်း

mgyoe.com

mgyoe.com


အပြင်ဘက်မှာ သာနေတဲ့ ဖေဖေချစ်တဲ့ ဘော်ရောင်ငွေသား လရောင်ခြည်တွေဟာ ပြေးဝင်လာနေကြတယ်။

သမီးလေ တံခါးလိုက်ဖွင့်နေရင်း နှင်းမှုန်တွေကိုကျော်ပြီး မြို့အပြင်ဘက် ကျောက်တောင်ကို လှမ်းမြင်နေရတယ်။

လရောင်အောက်မှာ မှိုင်းပျပျပဲ။ အဲဒီကျောက်တောင်ကုန်းတွေရဲ့ အလယ်က အမြင့်ဆုံးတောင်ကုန်းတစ်ခုထိပ်မှာ မေမေ့အလောင်းကို မြှုပ်ထားခဲ့တယ်မဟုတ်လား။ ခုဆို မေမေ့အသွေးအသားတွေဟာ မြေသားတွေနဲ့ ရောယှက်သွားနေပြီ။

မေမေ့အလောင်းကို ဖေဖေကိုယ်တိုင် ယူလာခဲ့တယ်မဟုတ်လား။

ဒီတုန်းကတည်းက ဖေဖေ့ကျန်းမာရေးလည်း တစ်ခုပြီးတစ်ခု ပျက်ယွင်းစပြုနေပြီ။

မေမေ့ကိုမြှုပ်တာ ခုလိုညပဲ မဟုတ်လား။ ခုလိုပဲ လရောင်ဟာ ထိန်ထိန်ကြဲနေတယ်။ နှင်းတွေလည်း တဖွေးဖွေးကြွေလို့ပေါ့။

နှင်းတွေအောက်မှာ ဖေဖေဟာ မြေတူးရင်း မောလို့ခဏရပ်နေတယ်။ ဖေဖေ့ရဲဘော်ကလေးနှစ်ယောက်ဟာလည်း နားလိုက်ကြတယ်။ အဲဒီရဲဘော်ကလေးတွေဟာ ဟိုတုန်းကတည်းက ဖေဖေ့ကိုရော မေမေ့ကိုပါ သံယောဇဉ်ကြီးကြတယ်မဟုတ်လား။ ဖေဖေဟာ လရောင်မှုန်ပျပျအောက်က မေမေ့အလောင်းကို ခဏငေးကြည့်နေတယ်။

ဒီတုန်းက ဖေဖေမငိုပါဘူးနော်။ ဖေဖေ့အနားမှာ ရပ်နေတဲ့သမီးလည်း မငိုဘူး။ သမီး မငိုချင်ဘူးဖေဖေ။ မေမေဆိုပေမယ့် သူ့သေမှ မြင်ရတာဆိုတော့ စိမ်းနေသလိုပဲ။

ဖေဖေက သမီးနဖူးကိုသပ်တယ်။

"ငိုချင်ငိုလိုက် သမီး"လို့ တိုးတိုးပြောတယ်။

"ဟင့်အင်း" လို့ သမီးက ခေါင်းယမ်းပြလိုက်တယ်။

"နောက်ဆုံးတော့လေ သူလည်းပဲ ဒီလိုဖြစ်လာရတာပဲ" လို့ ဖေဖေက ထပ်ပြောပြီး အလောင်းကို ငြိမ်ငြိမ်သက်သက် ငေးကြည့်နေတယ်။

ဖေဖေ့အသံဟာ ချိုအေးနေတာပဲနော်။ ဒါပေမဲ့ ချိုအေးနေတဲ့အသံဟာ ကမ္ဘာကြီးကိုတိုင်တည်ဖို့ ရစ်ပတ်လိုက်သလိုပဲ။ ပြီးတော့မှ ဖြည်းဖြည်း

mgyoe.com

mgyoe.com


ညင်ညင် ဆွဲလှုပ်နေသလိုပဲ။

အလောင်းကိုမြေတွင်းထဲချပြီးတော့ ဖေဖေနဲ့ရဲဘော်ကလေးနှစ်ယောက်ဟာ လက်ရုံးမြှောက်ပြီး အလေးပြုလိုက်ကြတယ်။ လက်ရုံးတွေဟာ အားအင်ကုန်ခန်းလာသလိုပဲ ဖြည်းဖြည်းလေးလေး ပြန်ကျနေကြတယ်။ မျက်လုံးနဲ့မငိုကြပါဘူး။ အသံထွက်ပြီး မငိုကြပါဘူး။ ဒါပေမဲ့ နှလုံးသားနဲ့ငိုနေကြတယ် မဟုတ်လားဖေဖေ။

လရောင်အောက်မှာ မေမေ့ရင်အုံပေါ်က အနီရောင်ရဲရဲ သွေးစက်တွေဟာ လှနေကြသလိုပဲ။ ဒါပေမဲ့ ရက်စက်တဲ့အလှမဟုတ်လား။ မေမေ့မျက်နှာကတော့ မကြောက်မလန့် မမှုသလို တည်ငြိမ်နေတယ်။ မာနကြီးတဲ့မေမေ့နှုတ်ခမ်းတွေဟာ စေ့နေကြတယ်။ ခုအထိ သူ့ယုံကြည်ချက်ကို လက်နဲ့ဖျစ်ညှစ် ဆုပ်ကိုင်ထားနေတုန်းလိုပဲ။

“ဒီနေ့ စနေနေ့နော်၊ သူမွေးတာလည်း စနေ၊ ဖေဖေမွေးတာလည်း စနေ၊ သူ့ကို လက်ထပ်တုန်းကလည်း စနေ”

ဖေဖေဟာ အလောင်းအပေါ်ကို မြေစာမှုန့်တွေဖို့ချပေးနေရင်း စိတ်ဝါဒီတစ်ဦးလိုမြည်တမ်းနေတယ်။

မေမေ့မျက်နှာကလေး မြုပ်သွားပြီ။ မေမေ့တစ်ကိုယ်လုံး မြုပ်သွားပြီ။ မြေကျင်းဟာ ပြည့်လာပြီ။ မောက်လာပြီ။ ကုန်းမို့ကလေးဖြစ်နေပြီ။

သမီးတို့ဟာ နှင်းမှုန်တွေကြားထဲမှာပဲ မြို့ဘက်ဆီ ပြန်လှည့်လာတယ်။ အဆင်းလမ်းမှာ မမာစပြုနေတဲ့ ဖေဖေဟာ သမီးပခုံးကိုဆုပ်ကိုင်မှီတွဲလာတယ်။ ဖေဖေ့လက်တွေဟာ ချမ်းလို့ ထင်ပါရဲ့။ တဆတ်ဆတ်တုန်နေတာသမီး မှတ်မိတယ်ဖေဖေ။ ဖေဖေ့နှလုံးသားထဲမှာတော့ လှုပ်ရှားနေမှာပဲ။ ဒါပေမဲ့ ဘယ်အခါမဆို ဖေဖေဟာ တည်ငြိမ်နေတတ်တယ်နော်။ အဲဒီအပြန်လမ်းမှာ ဖေဖေဟာ မေမေ့အကြောင်းတွေ တွေးလာနေမှာပဲ။

မှော်ရုံမြေမှာ ဖေဖေတို့လက်ထပ်ခဲ့တာကို သတိရနေမှာပဲ။ သည်တုန်းကဆို ဖေဖေနဲ့ မေမေဟာ ယုံကြည်ချက်ချင်းလည်း တူတော့ နှစ်ယောက်ဟာ တစ်ယောက်တည်းလိုပေါ့။

တောတောင်ကြားထဲက လက်ထပ်ပွဲဟာ ပျော်စရာပဲ။ ရယ်မောသံနောက်ပြောင်သံတွေဟာ ပြန်တမ်းတရမယ့် သွေးစည်းညီညွတ်သံတွေပဲ။

mgyoe.com

mgyoe.com


မင်္ဂလာဦးညမှာ ဖေဖေက မေမေ့အနားမကပ်ရဲဘူး။ ဖေဖေဟာ ရှက်လည်းရှက်နေတယ်။ မေမေ့အနားမှာ ငြိမ်ထိုင်နေတယ်။ ဘာပြောရမယ်လည်းမသိ။ ပြောစရာအကြောင်းအရာလည်း ရှာမရ။ မေမေကလည်း ငြိမ်နေတာပဲ။ မေမေဟာ တစ်ခါတစ်ရံ တစ်ဖက်လှည့်ပြီး မသိမသာပြုံးနေတယ်ထင်တယ်။ ဖေဖေကတော့ နေရာက ထပြေးချင်လာတယ်။ လက်ထပ်မိတာ ဒုက္ခပဲလို့တွေးနေတယ်။

"ဘယ်လိုလဲနော်။ တို့ဟာ လူသားနှစ်ဦး ဖိုနဲ့မ။ လူသားနှစ်ဦးနဲ့လည်းမတူတော့ဘူး။ ဖိုနဲ့မနဲ့လည်း မတူတော့ဘူး။ ချစ်သူနှစ်ဦးနဲ့လည်း မတူတော့ဘူး။ လင်မယားတဲ့လေ။ ဘယ်လိုဘယ်လို လင်မယားလဲ"

အတွေးနဲ့ဖေဖေဟာ ရုတ်တရက် ခွိခနဲ ရယ်လိုက်တယ်။ ပြီးတော့ ရယ်ချင်စိတ်ကို ထိန်းမရတော့တာနဲ့ ဖွင့်ရယ်နေတယ်။ အူပေါက်သွားပြီး သိမ့်သိမ့်ခါအောင် ရယ်နေတယ်။ ဖေဖေ့ကိုယ်ဟာ ယိမ်းထိုးနေတယ်။ ယာယီတဲကလေးဟာ တသိမ့်သိမ့်လှုပ်ရှားနေတယ်။

မေမေက ဖေဖေ့မျက်နှာကို အေးစက်စက်ကြည့်နေတယ်။ မျက်မှောင်ကြုတ်လိုက်တယ်။ ဒီအပြုအမူမျိုးကို မေမေမကြိုက်ဘူး။

"ဘာရယ်တာလဲ ရဲဘော်" လို့ငေါက်လိုက်တယ်။

ဖေဖေက ရယ်သံကြားက "ဒုက္ခပါပဲ"လို့ ညည်းတယ်။ "အဲဒါ ရယ်တာပေါ့" လို့ ဗလုံးဗထွေးပြောတယ်။

"အဲဒါဆိုဘာလဲ"

"ရဲဘော်ဆိုတာလေ"

"ဒုက္ခပဲ နှုတ်ကျိုးနေပြီ။ ဘယ်လိုခေါ်ရမလဲ" မေမေဟာ ညည်းရင်း မေမေကိုယ်တိုင် ရယ်နေပြန်တယ်။

"မောင်လို့ ခေါ်ပါ"

လရောင်မှုန်မှုန်အောက်မှာ မေမေ့မျက်နှာ ရှက်သွေးနဲ့ နီစွေးသွားတယ်။ မေမေ့ရဲ့ မို့နေတဲ့ပါးပြင်နှစ်ဖက်ဟာ ရှက်သွေးနဲ့ပိုပြီးဖောင်းကြွလာနေတယ်။ မေမေခေါင်းယမ်းလိုက်တော့ မေမေ့ဆံပင် နက်မှောင်မှောင်တွေဟာ လရောင်ထဲကို ပျံ့ဝဲသွားကြတယ်။

ဖေဖေဟာ ရှက်ကြောက်တတ်တဲ့ မိန်းမသဘာဝကို မြင်နေရပေမယ့်

mgyoe.com

mgyoe.com


မေမေ့အနားကို မတိုးရဲဘူး။

နှစ်ယောက်သား အကြာကြီး ငြိမ်သက်နေမိတယ်။

ဖေဖေဟာ မေမေ့ကိုချစ်တာထက် လေးစားတာပိုတယ်။ ဟိုတုန်းက ဆို မေမေ့ကို မိန်းမတစ်ယောက်လို့တောင် မတွေးခဲ့မိဘူး။ ကိုယ့်ရဲဘော် ပဲ၊ အသက်ကိုစွန့်ထားဝံ့သူပဲ။ သူနဲ့လက်ထပ်တာ ရယ်စရာလား၊ ရယ် စရာလည်းမဟုတ်ဘူး။ ကြောက်နေသလိုပဲ၊ ဖေဖေ့ထက် မေမေက စွမ်းအား ကြီးမားစွာနဲ့ လွှမ်းမိုးနေသလိုပဲ။ ဒါဟာ စိတ်ထိခိုက်စရာပဲလို့ တွေးမိ ပြန်တယ်။ လက်ထပ်မိတာဟာ တစ်ခုခု ဆုံးရှုံးနေရသလိုလို တွေးမိလာ တယ်။ အတော်ကြာတော့ ရယ်ချင်လာပြန်တယ်။

အတော်ကြာတော့ ဖေဖေဟာ တစ်ကြိမ်ရယ်လိုက်ပြန်တယ်။ ဒီတစ် ခါမှာ မေမေပါ ဖေဖေနဲ့အတူ လိုက်ပြီးရယ်နေတယ်။

မိုးလည်း လင်းတော့မယ်လေ။ အရှေ့က ရောင်နီလာနေပြီ။ နှင်းမှုန် တွေလည်း ပိုပြီးသိပ်သည်းလာနေပြီ။ ငှက်ကလေးတွေ အိပ်ရာက နိုးလာ ကြသံကြားနေရပြီ။ ဒီအချိန်မှာတော့ ဖေဖေက ပေးအပ်တဲ့တာဝန်တစ်ရပ် ကို တိကျပြတ်သားစွာထမ်းရွက်လိုက်သလို မေမေ့ကို ကြမ်းကြမ်းတမ်း တမ်း လှမ်းပွေ့လိုက်တယ်။ မေမေဟာ ဖေဖေ့ရင်ခွင်ထဲ ရောက်နေတယ်။ မေမေ့တစ်ကိုယ်လုံးဟာ တဆတ်ဆတ်တုန်နေတယ်။ မေမေက ရုန်းနေ တယ်။ ဖေဖေက "ချစ်တယ်လို့ပြောစမ်းပါ။ ပြောစမ်းပါ" နဲ့ တတွတ်တွတ် ခိုင်းနေတယ်။ ကိုယ်တိုင်က "ချစ်တယ်"ပြောဖို့ကိုတော့ ဖေဖေ မေ့နေတယ်။

"ရဲဘော်ဟာ စိတ်ကူးယဉ်သမားပဲ" လို့မေမေက ပြောနေတယ်။

"မောင်လို့ခေါ်စမ်းပါ"

"မောင်လို့ခေါ်စမ်းပါ"

"ချစ်တယ်လို့ပြောစမ်းပါ"

ဖေဖေ့အသံဟာ ကြေကြေကွဲကွဲ တမ်းတမ်းတတပြောနေသံနေမှာပဲ။

ဖေဖေကြားချင်တဲ့ "မောင်" လို့ခေါ်သံဟာ ဖေဖေ့အိမ်ထောင်ရေး သက် တမ်းမှာ သုံးကြိမ်ပဲကြားခဲ့ရတယ်မဟုတ်လား။

အိမ်ထောင်ပြုပြီး နောက်တစ်ညမှာ ဖေဖေကတစ်ညလုံး တတွတ်တွတ် တောင်းဆိုနေလို့ မနက်အရုဏ်ဦးမှာ မေမေက သနားလာပြီး ခေါ်လိုက်

mgyoe.com

တာတစ်ခွန်းရယ်။

ပြီးတော့ သမီးကိုမွေးတဲ့ညက တစ်ခါရယ်။

သမီးကိုမွေးတာ ပဲခူးရိုးမကြော တောင်ခြေက ရွာကလေးတစ်ရွာမှာ မဟုတ်လား။ ကိုယ်ဝန်ရင့်မာလာမှ မေမေဟာ အဲဒီရွာလေးက အိမ်တစ်အိမ်မှာ အနားယူတယ်။ သမီးကိုမွေးတဲ့ညမှာမှ ဖေဖေဟာ ခရီးထွက်ရာက ပြန်လာတယ်။

ဖေဖေရောက်လာတော့ သမီးကိုမွေးပြီးတာ နာရီအတော်ကြာလှပြီ။ မေမေဟာ အိပ်ရာထဲက ပက်လက်ကလှမ်းပြီး အိပ်ခန်းဝကို ဝင်လာနေတဲ့ ဖေဖေ့ကို ကြည့်နေတယ်။ နွမ်းလျနေတဲ့ မေမေ့မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးတွေ ဝဲနေတယ်။ မေမေ့မျက်လုံးတွေဟာ ခုမှ မိန်းမပီပီသသချစ်ရည်ရွှန်းမြနေတယ်။ ရေနံဆီ မီးရောင်အောက်မှာ မေမေ့မျက်လုံးထဲက မေတ္တာတရားတွေကို မြင်တွေ့ရတော့ ဖေဖေဟာ ကြည်နူးလွန်းလို့ မျက်ရည်တောင်ဝေ့လာမိတယ်မဟုတ်လား။

"မောင်ရယ် . . .မောင့်ကို သတိရနေလိုက်တာလေ၊ ဘယ်တုန်းကမှ မစိုးရိမ်ခဲ့ပါဘူး။ ဒီတစ်ခါတော့ စိုးရိမ်လိုက်တာ။ ကြည့်ဦးလေ မောင့်သမီးလေးလေ"

နောက်ဆုံးတစ်ခါကတော့ ဖေဖေနဲ့မေမေ ခွဲခွာရခါနီးမှာပေါ့။ အဲဒီအကြောင်းတော့ ဖေဖေ ပြန်မတွေးချင်ဘူးမို့လား။ မေ့ထားချင်မှာပေါ့လေ။ ဒီတုန်းက ခွဲခွာကြရပေမယ့် နှစ်ယောက်သား အသက်ရှင်လျက်ပဲမဟုတ်လား။

မေမေသေဆုံးတော့မှ အလောင်းကို ပြန်တွေ့ရတော့တယ်။

ဖေဖေဟာ မေမေ့အလောင်းကိုမြှုပ်ခဲ့ပြီး အပြန်လမ်းမှာ တွေးစရာ တွေ တောင်လိုပုံနေမှာပါပဲ။

"ဖေဖေသေရင် ဖေဖေ့ကို သူ့အနားမှာမြှုပ်ပေါ့၊ လူသေရင် မြေဖြစ်တာပဲ သမီးရယ်။ ဒါပေမဲ့မြေချင်းတော့ ယှဉ်ထားလိုက်ပေါ့"

ဒီစကားကိုရယ်စရာစကားဖြစ်အောင် ဖေဖေကြိုးပမ်းပြောခဲ့တယ်ဆိုတာ သမီး သိပါတယ်ဖေဖေ။

* * *

mgyoe.com

mgyoe.com

ဖေဖေ . . .

သမီး ပြတင်းတွေအားလုံး လိုက်ဖွင့်ပြီးပြီ။ အိမ်ထဲမှာ ခိုအောင်းပုန်းကွယ်နေတဲ့ အနိဋ္ဌာရုံတွေ အပြင်ဘက်ကို ပြေးထွက်သွားကြသလိုပဲ။ လရောင်လင်းနေပါပြီ။ မေမေ့ကို မြှုပ်ထားတဲ့ တောင်ကုန်းကိုမေ့ပစ်လိုက်ပြီး ဖေဖေ့ခုတင်ဘက်ကို သမီးလျှောက်လာနေတယ်နော်။

နက်ဖြန်ဆိုရင် "ဖေဖေ"ဆိုတာလည်း ရှိတော့မှာမဟုတ်ဘူးလို့ သမီးတွေးလိုက်မိတယ်။ ဒီအတွေးစဟာ စိတ်နှလုံးသားကို ဘယ်လောက်ထိခိုက်စေသလဲ ဖေဖေ၊ ဘယ်လောက် နာကြည်းစေသလဲဖေဖေ၊ ဒါပေမဲ့ သမီးစိတ်ကိုတင်းထားပါတယ်။ လွန်ခဲ့တဲ့ ငါးရက်က ဆရာဝန် ခေါင်းခါသွားတုန်းကလည်း သမီး မငိုခဲ့ဘူး။ အံကို ကြိတ်ထားခဲ့တယ်။

"သက်သက်သာသာဖြစ်ဖို့ပဲ လိုပါတယ်" လို့ ဆရာဝန်က အေးအေးစက်စက်ပြောတယ်ဖေဖေ။

မြို့အစွန်မှာနေတဲ့ ဆရာဝန်ဟာ သူ့ကားကလေးကို အိမ်ရှေ့က မောင်းထွက်သွားတယ်။ ငေးမောကျန်နေခဲ့ရင်း သမီးကတော့ ဒီရက်တွေအတွင်းမှာ ဖေဖေလိုအပ်တာဆိုရင် ဘာမဆိုလုပ်ပေးဖို့ တွေးနေမိတယ်။

ခုရက်တွေအတွင်းမှာ လူတွေလာမှာကို ဖေဖေမနှစ်သက်လို့ မေမေ့ညီမကိုတောင် မလာဖို့ သမီးတားထားတယ်။ ဖေဖေ့ကို ချစ်တဲ့မောင်ထူးကိုတော့ သမီးလည်း တားမရဘူး။ သူ ခုဆို အိမ်အောက်ထပ်မှာ တိတ်တိတ်ငြိမ်ငြိမ်နဲ့ ရောက်နေလောက်ပြီ ဖေဖေ။

ဖေဖေရဲ့ အဆုံးသတ်ချိန်ကို ဖေဖေသိပြီးနေပြီလို့ သမီးယုံနေတယ်။ ဖေဖေဟာ ဖေဖေရဲ့အနုပညာသည် လက်ချောင်းကလေးတွေကို ငုံ့ကြည့်ရင်းငေးတွေနေတာ ဒါကိုတွေးမိလို့ပဲလား။

ခုလည်းခုတင်ဘက် လျှောက်လာနေတဲ့ သမီးကို ဖေဖေမျက်တောင်မခတ်ဘူး တွေတွေစင်းစင်းကြီး ငေးကြည့်နေတယ်။

"သမီးလေးနေရစ်ခဲ့ရမှာနော်၊ သမီးလေးကို ဖေဖေယုံပါတယ်။ သမီးလေးဟာ စိတ်ဓာတ်ကြံ့ခိုင်တယ်။ ကိုယ့်လမ်းကိုယ် တည့်တည့်လျှောက်သွားနိုင်မယ်။ ဒါပေမဲ့ သမီးရယ် . . .တို့သားအဖတွေ ခွဲခွာသွားရမှာ စောလွန်းနေသေးတယ်တော့ ထင်တယ်" နဲ့ ဖေဖေတွေးနေတယ် မဟုတ်

mgyoe.com

mgyoe.com


လား။ ဖေဖေ့တွေးနေတဲ့ မျက်လုံးတွေပေါ်မှာ ဒီအတွေးဟာ စာတန်းတွေ ဖြစ်ပြီး ပေါ်လာနေသလိုပဲ သမီးရဲ့နှလုံးသားမှာ ကြားသိနေသလိုပဲ။

သမီးခုတင်ပေါ်ထိုင်လိုက်တော့ ဖေဖေက သမီးကို အနားရောက် လာအောင် တိုးကပ်စေချင်သလိုပဲ။ နည်းနည်းကပ်ထိုင်တော့လည်း သည့် ထက် ပိုတိုးကပ်စေ့ချင်သလိုပဲ။ အတတ်နိုင်ဆုံး သမီးတိုးရွှေ့နေတယ်၊

"ဖေဖေသက်သာပါတယ် သမီးရယ်. . ." လို့ ဖေဖေက တိုးတိုးယဲ့ ယဲ့ပြောနေတယ်။

ဖေဖေကြိုးစား အားယူပြုံးနေတယ်။ ပြုံးရင် အစဉ်ချိုမြနေတဲ့ ဖေဖေ့ မျက်နှာမှာ ကျက်သရေမင်္ဂလာတရားများ ပွင့်လန်းလာကြသလိုပါပဲ။ မျက်နှာကတော့ ဖြူဖျော့နေပြီ။ ခွန်အားကင်းမဲ့နေပြီ။ ဖေဖေရဲ့ တင်းမာတဲ့ နဖူးပြင်ပေါ်မှာ ဆံစခွေကလေး တစ်ခွေဖွာကျနေတယ်။

"ဖေဖေ့ပန်းချီကားတွေ ဧည့်ခန်းမှာ ချိတ်ပေးစမ်းပါ၊ အစီအစဉ်လိုက် ပေါ့။ ကိုယ်ပိုင်ပြပွဲကလေးလို မောင်ထူးသွားခေါ်ပြီးလုပ်ပေးပါ။ ဖေဖေ ကုလားထိုင်နဲ့ ထိုင်ကြည့်နေချင်တယ် သမီးရယ်"

သမီးလည်း ကြိုးစားပြီးပြုံးလိုက်ပါတယ် ဖေဖေ။ သမီးပြုံးဖို့ ကြိုးစား ရပြီဆိုတာတော့ ဖေဖေသိနေမှာပါ။ သမီး ခေါင်းညိတ်ပြီး ဖေဖေ့အနားက ခွာလာတယ်။ အောက်ထပ်ကို သွက်သွက်ဆင်းသွားတယ်။

အောက်ထပ်မှာတော့ မှောင်ရိပ်ဝိုးတဝါးထဲမှာ မောင်ထူးရဲ့မျက်လုံး တွေလေ ငိုနေကြတယ်ဖေဖေ။

သမီးက အကျိုးအကြောင်းပြောပြတော့ မောင်ထူးဟာ လေ့ကားလက် ရမ်းကိုကိုင်ပြီး "ဦးလေး သိနေပါပြီဟယ်၊ သူ့ကိုယ်သူ သိနေပါပြီ။ ဦးလေး ဟာ အနုပညာသမား၊ တကယ့်အနုပညာသမား"နဲ့ပြောရင်း အံကြိတ်ရင်း အသံမထွက်အောင် ကျိတ်ငိုနေတယ်။

သမီးတို့ အမြန်ဆုံးအလုပ်လုပ်တယ်။ အသွက်လက်ဆုံး လုပ်တယ်။ အသံမမြည်အောင် ကြိုးစားတယ်။ စကားမပြောဘူး။ ဖေဖေ့ပန်းချီကား တွေကို နှစ်ကာလအလိုက် ခွဲခြားထားလိုက်ကြတယ်။

ဖေဖေရဲ့ကျောင်းသားဘဝ၊ လွတ်လပ်ရေးတိုက်ပွဲကာလ၊ သည်ဘက် ကာလ၊ စိုက်ပျိုးရေး အလုပ်သမားဘဝ ကားတွေ။ ဖေဖေဟာ ပန်းချီစုတ်

mgyoe.com

mgyoe.com


တံကိုင်လိုက်၊ ကလောင်ကိုင်လိုက်၊ သေနတ်ကိုင်လိုက်။ ဖေဖေ့ကို အနုပညာသမားလား၊ တိုက်ခိုက်ရေးသမားလား သမီး မသိနိုင်တော့ဘူး ရှင်။

ဟိုတုန်းက ဖေဖေရေးခဲ့တဲ့ ကဗျာကလေးတွေဟာ နှစ်ကာလအစိတ်ဝန်းကျင်လောက်ကို ဖြတ်သန်းလာရတော့ အခုအခါမှာ တချို့တစ်ဝက်လည်း ပျောက်ကွယ်နေကြပါပြီ။

ရင်ကိုလှပ်လျှင်
ပွင့်ချပ်ပွင့်လွှာ၊ ပွင့်ဝါပွင့်နီ
ရွှေရည်မြရည်၊ စိန်ရည်နီလာ
ရောင်ဖြာယှက်သန်း၊ နံ့သာပန်းခင်း ကဗျာမြေ။
ကဗျာဝေချိန်၊ ပန်းဝေချိန်လေ
နေခြည်မှိန်ပျ၊ အလှဆည်းဆာ
ပွင့်အာလာနေ . . .
မြေတွင်တစ်ဝက်၊ ပင်ထက်တချို့
အချို့ကြွေဆဲ၊ ဖြည်းဖြည်းဝဲလို့
ရဲရဲနီနီ၊ ရွှေခြည်ငွေမျှင်
လွင့်စဉ်မစဲ၊ ပြန့်ကြဲဟိုသည် . . .
နီလာအပြာ၊ အဝါနဲ့မြ
အလှပေါင်းစုံ၊ ဝတ်မှုန်သင်းနေ။
ဝတ်မှုန်သင်းနေ . . .
ကဗျာမြေမှာ၊ သူသာသခင်
သခင်ဖုရား၊ အလှကား သူ
ပိုင်သူစိုးသူ မောင့်ချစ်သူလေ။

ဖေဖေ့ကဗျာကလေးတွေ၊ ဖေဖ့ဖကျောင်းသားလူငယ်ဘဝက နေ့ရက်တွေ၊ မြစန္ဒာ ဝိညာဉ်တွယ်နေတဲ့ ဖေဖေငယ်စဉ်က ပန်းချီကားတွေအားလုံးဟာ သမီးစိတ်အာရုံမှာ ရောထွေးနေကြတယ်ရှင်။ အငြိမ့်သမလေး မြစန္ဒာရဲ့ ပြုံးဟန်၊ ရယ်ဟန်၊ သူ့ပန်းချီ ပုံတူရောင် ကားချပ်တွေကြည့်ရင်း သမီးတော့ ရင်ထဲ တုန်နေတယ်။ အဲဒီပန်းချီကားတွေကို ဖေဖေပြန်မြင်ရရင်

mgyoe.com

mgyoe.com

ဘယ်လိုနေမလဲ။

"ဒါပေမဲ့ ခိုင်းတဲ့အတိုင်းလုပ်ရမှာပဲ။ ခု ဖေဖေဟာ ဟိုတုန်းက မောင်ဘမင်း မဟုတ်တော့ပါဘူး"

အားလုံးကို အစီအစဉ်အတိုင်း ချိတ်ဆွဲလိုက်ပါတယ် ဖေဖေ။

တချို့ဟာ မြစန္ဒာကို တမ်းတစိတ်နဲ့ တမြည့်မြည့်ရေးတဲ့ ပန်းချီကား၊ တချို့ပန်းချီကားတွေပေါ်မှာ ရင်ခုန်သံထင်နေတယ်။ တချို့ဟာ ချစ်စိတ်မြူမှုန်တွေကြားမှာ ဝိုးတဝါးဖြစ်နေတယ်။

ဟိုတုန်းက ဖေဖေဟာ တစ်ဆယ့်ခြောက်နှစ်အရွယ် လူငယ်ကလေး မောင်ဘမင်း မဟုတ်လား။

ဖေဖေနေတဲ့ မြို့ကလေးမှာ ခုနစ်တန်းပညာသင်ပြီး စာမေးပွဲဖြေဖို့ မြစန္ဒာနေတဲ့ ခရိုင်မြို့ကြီးကို ရောက်သွားခဲ့တာက အစမဟုတ်လား။ အဲဒီမှာ ဖေဖေ့နှမတစ်ဝမ်းကွဲ မြစန္ဒာကို စတင်တွေ့ရတာမဟုတ်လား။ မြစန္ဒာရဲ့ ဖေဖေကိုလည်း ဖေဖေဟာ တစ်ခါမှ မမြင်ဖူးဘူး။ ဆွေမျိုးချင်းဆိုပေမယ့် သူ့မာန ကိုယ့်မာနနဲ့ သူစိမ်းပြင်ပြင်နေခဲ့ကြတယ်။ ဖေဖေက စာတစ်စောင်ကိုင်ပြီး ကျော်ကြားတဲ့မြစန္ဒာရဲ့လိပ်စာကို လိုက်ရှာခဲ့တယ်။

မြစန္ဒာတို့ခြံရှေ့ရောက်တော့ ဖေဖေ ကျောပေါ်မှာ အိပ်ရာလိပ်ကြီး တစ်ခုပိုးလို့လေ။ ခြံဝက ရောမသရက်ပင်ကြီးရဲ့ ပင်စည်မှာ မြစန္ဒာရဲ့ ဆိုင်းဘုတ်ချိတ်ထားတယ်။

ဖေဖေဟာ ခြံဝမှာရပ်ပြီး တိတ်ဆိတ်ငြိမ်သက်နေတဲ့ ခြံကြီးကို ငေးကြည့်နေတယ်။ မြို့အစွန်ပိုင်းမှာဖြစ်လို့ ခြံကြီးဟာ တောရွာတစ်ရွာက ခြံတစ်ခြံလိုပဲ။ သစ်ပင်တွေ၊ အုန်းငှက်ပျောပင်တွေနဲ့ စိမ်းစိုပြီး နွေဦးရောက်ပေမယ့် အေးမြနေတယ်။ ခပ်နိမ့်နိမ့် အိမ်ပေါ်မှာလည်း လူမရှိဘူးလိုပဲ တိတ်ဆိတ်နေတယ်။ ဖေဖေက မျက်လုံးဝေ့ကြည့်တော့ ရေတွင်းနံဘေးမှာ ရေခပ်ချိုးမယ့်စဲစဲ မြစန္ဒာကိုလှမ်းမြင်တယ်။

မြစန္ဒာဟာ ထဘီရင်ရှားနဲ့လေ။ အရပ်ကလေးပုပု၊ အသားက ကျောက်သားလို ဖြူရွှနေတယ်။ သူ့မျက်လုံး ဝင်းစက်စက်ကြီးတွေဟာ ရွှန်းလက်နေတယ်။ မျက်ဝန်းနက်ကြီးတွေနဲ့ မျက်တောင်ကော့ကြီးတွေနဲ့ နှုတ်ခမ်းပါးပါးကလေးတွေဟာ နီညို့နေတယ်။

mgyoe.com

mgyoe.com


သူကဆယ့်ရှစ်နှစ်လောက်ရှိမှာပေါ့၊ ဖေဖေ့ထက် နှစ်နှစ်ကြီးတယ် မဟုတ်လား။

ဖေဖေက သူ့ကို ရဲရဲမကြည့်ဝံ့ဘူး။ သူက ဖေဖေ့ကို ငေးကြည့်နေတယ်။ ဘာကစပြီး ဘယ်လိုပြောရမယ်ဆိုတာမသိလို့ ဖေဖေဟာ ချောင်းဟန့်ပြီးမှ ကတုန်ကယင်လိုဖြစ်နေတယ်။

"ဘာကိစ္စရှိလို့လဲ" လို့ သူကမေးလိုက်တယ်မဟုတ်လား။

သူ ပန်းကိုင်းတစ်ခုကို လှမ်းကိုင်ထားတယ်။ ငြိမ်ပြီး ဖေဖေ့ကို စိုက်ကြည့်နေတယ်။ သူက ဖေဖေ့ကိုလေ လူငယ်ကလေး မောင်ဘမင်းကို ညို့ယူထားသလိုပေါ့။ မရုန်းနိုင် မကန်နိုင် မလှုပ်ရှားနိုင်အောင်ပေါ့။ အသက်တောင်မရှူနိုင်အောင်ပေါ့။

ဒါပေမဲ့ ချက်ချင်းပဲ ဖေဖေ့နှလုံးသားထဲမှာ ခံစားပြီး ဦးနှောက်က ပိုင်းခြားသိလိုက်တာ တစ်ခုတော့ အသေအချာရှိတယ်လို့ သမီးပြောဝံ့တယ်။ ဖေဖေ။ အဲဒါဟာ ဖေဖေသူ့ကို နှလုံးသားနဲ့ ချစ်လိုက်မိပြီဆိုတာပဲ။ သူကလည်း ခုတစ်ခဏမှာပဲ ဖေဖေ့ကို ပြန်ချစ်နေပြီဆိုတာရယ်။ ဖေဖေ သိသွားတယ်မဟုတ်လား။ ချက်ချင်းပဲ သူဟာ "အငြိမ့်သမ" လို့ ဖေဖေ တွေးလိုက်တယ်။ အငြိမ့်သမဆိုတာ အချစ်ကိစ္စမှာ ရိုးနေမှာပေါ့လို့ တွေးလိုက်တယ်။ ဒီအတွေးဟာ စိတ်ထိခိုက်စရာ ကောင်းတယ်ဖေဖေ။

အတော်ကြာမှ "မြစန္ဒာလား" လို့ ဖေဖေက အားယူပြီး အသံတုန်တုန်နဲ့ ခပ်တိုးတိုးလှမ်းမေးလိုက်တယ်။

"မြစန္ဒာကို မသိဘူးတဲ့လား"

သရော်ရယ်လိုက်တဲ့ မြစန္ဒာရဲ့ ခပ်ဟဟရယ်သံကလေးဟာ တော်တော်နဲ့မစဲဘူး။ ရယ်တဲ့အခါ သူ့မျက်လုံးတွေဟာ ပိုပြီးဝိုင်းစက်လာတယ်။ သူ့ပါးကလေးတွေဟာ နီထွေးနေတယ်။

ဖေဖေက စိတ်တင်းပြီးရေတွင်းဘက် လျှောက်သွားတယ်။ အိမ်က ရေးပေးလိုက်တဲ့စာကို ထုတ်ပြလိုက်တယ်။ သူက ဖျတ်ခနဲ လှမ်းဆွဲယူလိုက်ပြီး အပြေးအလွှားဖတ်နေတယ်။

"အို . . .လက်စသတ်တော့ မောင်ဘမင်းဆိုတာ မင်းကို၊ မြရဲ့ မောင်ကိုး။ အိပ်ရာလိပ်ယူသွားလေ၊ အိမ်ထဲမှာ သွားနှင့်။ တော်ကြာပလားဆိုမှဖြင့်

mgyoe.com

mgyoe.com

အဖေပြန်လာမှာ”

ဖေဖေမြင်မြင်ချင်း ချစ်တဲ့ မြစန္ဒာက တစ်ခါရယ်နေပြန်တယ် ဖေဖေ။ သူဟာ အလိုလိုပျော်မြူးနေတတ်တဲ့ လေတိုက်တိုင်း ရယ်နေတတ်တဲ့ အပျို မလေးပေါ့နော်။ ဖေဖေ့နားထဲမှာတော့ “မြရဲ့မောင်” ဆိုတဲ့အသံကိုပဲ တမ်း တမ်းစွဲစွဲ ဖြစ်နေတယ်။

အဲဒီညမှာ ဖေဖေဟာ မနက်ဖြန်ခါ စာမေးပွဲဖြေရမှာဖြစ်ပေမယ့် စာကြည့်လို့မရဘူး။ “မြရဲ့မောင်” ဆိုတဲ့ ကဗျာကလေးတစ်ပုဒ်ရေးနေမိ တယ်။ ကဗျာကလေးက ကြေကွဲစရာ ဇာတ်လမ်းတစ်ခုရဲ့အစလိုပဲ။ “မြရဲ့ မောင်”နဲ့ပဲ စထားတယ်။

ဖေဖေ့ကို ပေးထားတဲ့အခန်းကျဉ်းကလေးထဲက အိပ်ရာပေါ်မှာ ဖေဖေ အိပ်မပျော်နိုင်ဘူး။ ညည့်ခန်းထဲမှာ မြစန္ဒာက သူတို့ပဲခူးမှာ ဇာတ်ပြိုင်ကခဲ့ ရပုံတွေပြောနေတယ်။ သူ့အောင်မြင်မှု ကျော်ကြားမှု လှိုင်းဂယက်တွေ အပေါ်မှာ သူ့အသံကလေးဟာ မြူးကြွစွာစီးခိုနေတယ်။

မြစန္ဒာရဲ့အသံဟာ ချိုပြီး ကြည်နေပြီး တစ်ဆယ့်ခြောက်နှစ်သား ကလေးမောင်ဘမင်းရဲ့ နှလုံးသားထဲကို စမ်းချောင်းကလေးလို တစိမ့် စိမ့်စီးဝင်နေတယ်။

“အို . . .ဘာပြုလို့ သူ့အသံဟာ ဒါလောက် သာရတာလဲ”

“သူမပြောတာတွေ အများကြီးရှိမှာပေါ့၊ သူ့ချစ်သူတွေအကြောင်း တော့ မပြောဘူးပေါ့”

ဒီအခါမှာ မောင်ဘမင်းရဲ့ရင်ထဲမှာ မနာလိုတဲ့စိတ်တွေ တရစ်ရစ်တက် လာနေမှာပေါ့ဖေဖေ။

“အချစ်စိတ်သည်
အဆိပ်ကိုပင်
ခေါ်ယူငင်ကာ
ရင်မှာရစ်ပတ်
မပြတ်ဝေဒနာ
မာန်သည်းစွာဖြင့် . . .”

ဖေဖေဟာ ချက်ချင်းပဲ ကော်ပီစာအုပ်တစ်အုပ်ကြားမှာ ရေးချလိုက်

mgyoe.com

mgyoe.com


တယ်။ မြစန္ဒာရော တစ်အိမ်လုံးရော အိပ်ပျော်သွားချိန်မှာ ဖေဖေကတော့ အိပ်ရာထဲမှာ လူးလိမ့်နေတယ်။ အတွေးတွေဟာ မပြတ်ဘူး။ တစ်ခုက ကွင်းဆက်ကလေးတစ်ခု ချန်ခဲ့ပြီး တခြားတစ်ခုကို ချိတ်ယူလာတယ်။

"သူ့ကို ငါချစ်တယ်၊ ဒါပေမဲ့ ငါဟာ သူ့အချစ်ဦးလည်းမဟုတ်နိုင်ဘူး။ အို . . .သူက ရိုးနေမှာပါ၊ ငါချစ်တာရဲ့ ဆယ်ပုံတစ်ပုံလည်း ချစ်နိုင်မှာလည်း မဟုတ်ပါဘူး။ ဟိုရောက်တော့ ဟိုတစ်ယောက်၊ ပြီးတော့ တို့ဟာ မောင်နှမလေ၊ ဆွေမျိုးစည်းကမ်းကလည်း ကြီးလှပါတယ်"

ကြက်တွေလည်း မြိုင်မြိုင်တွန်နေပြီဖေဖေ၊ လကလည်း စောင်းနေပြီ။ လရောင်ဟာ အရှေ့ဘက် ပြတင်းပေါက်က ဝင်နေရာက အနောက်ဘက် ပြတင်းပေါက်က ဝင်လာနေပြန်ပြီ။ ဖေဖေ့အိပ်ရာက နားထောင်ရင် မြစန္ဒာရဲ့အသက်ရှုသံကို ကြားနေရတယ်။ သူလည်း အိပ်မပျော်ဘူးလားပဲ။ သူလည်းတစ်ယောက်ယောက်ကို တွေးနေမလားဘဲ။

ဖေဖေနဲ့ သူနဲ့ကြားမှာ ထရံပါးကလေးတစ်ချက်ပဲ ခြားနေတယ်။

ဒီလိုနဲ့ တစ်ညကုန်သွားတယ်။ နေ့တွေဟာ တဖြုတ်ဖြုတ်ကြွေနေတယ်။ ငါးရက်ဆိုတာ ခဏလေးပဲ ကြာတာပေါ့ ဖေဖေ။ တစ်ရက်ပြီး တစ်ရက် သံယောဇဉ်ကြိုးတွေဟာလည်း သံမဏိလို ခိုင်မာလာနေတယ်။ ဒီရက်တွေအတွင်းမှာ မြစန္ဒာဟာ အငြိမ့်သမမို့ ထင်ပါရဲ့။ ဆက်ဆံတာ ရဲတင်းလှတယ်။ အနေအထိုင်ပူးကပ်လွန်းတာ ရင်ခုန်စရာပဲ။

ငါးရက်မြောက်မှာ မြစန္ဒာဟာ ဇာတ်ကစရာရှိလို့ ခရီးထွက်ဖို့ ပြင်ဆင်နေတယ်။ အဲဒီနေ့က ကျောင်းပိတ်ရက်လေ။ ဖေဖေ စာမေးပွဲဖြေဖို့လည်း နောက်တစ်ရက်ပဲ ကျန်တော့တယ်။ သူ ပြင်ဆင်နေချိန်မှာ ဖေဖေဟာ အိမ်နောက်ဘက်က သရက်ပင်အောက် တန်းလျားပေါ်မှာထိုင်နေတယ်။

ဖေဖေ့ရင်ထဲမှာ ဖြစ်နေရတဲ့ အဆွေးစိတ်ကလေးဟာ တမြည့်မြည့် ကျွမ်းနေတာပေါ့။ သူ့ကို ဘယ်လိုနှုတ်ဆက်ရမလဲ မသိဘူး။ နှုတ်လည်း မဆက်ချင်ဘူး။ သူ့ဘာသာသူ ထွက်သွားတာကိုပဲ မသိလိုက် မသိဘာသာ မမြင်ချင်ဟန်ဆောင်နေလိုက်ချင်တယ်။

ဒါပေမဲ့ အားလုံးပြင်ဆင်ပြီး သွားခါနီးဆဲဆဲမှာ မြစန္ဒာဟာ ဖေဖေ့ကိုလိုက်ရှာပြီး ဖေဖေရှိရာဘက်ကို လျှောက်လာတယ်။ လျှောက်လာနေ

mgyoe.com

mgyoe.com

တယ်ဖေဖေ၊ သူ့တစ်ကိုယ်လုံး တောက်ပသစ်လွင်နေတယ်။ ဒါပေမဲ့ သူကိုယ်တိုင်လည်း လန်းလန်းဆန်းဆန်းမရှိဘူး။ သူ့ရင်ထဲမှာ နွမ်းနေပုံကိုမြင်နေရတယ်။

ဖေဖေက သူ့မျက်နှာကလေးကို ငေးတွေပြီးစိုက်ကြည့်နေတယ်။ ဖေဖေ ပြုံးဖို့လည်း သတိမရနိုင်ဘူး။ ဘယ်လိုလုပ်လို့ကော ပြုံးနိုင်မှာတဲ့လဲ။ သူက ဟန်ဆောင်ပြုံးကလေးကိုတောင် မပြုံးဘူးမဟုတ်လားဖေဖေ။ သူ့မျက်လုံးဝိုင်းဝိုင်းစက်စက်ကြီးတွေဟာ မှုန်ရီနေပြန်တယ်။ ခုလိုမှုန်ငေးငေးဆိုတော့ တစ်မျိုးလှနေသလိုပဲ ဖေဖေ။ "ဒါဟာ သရုပ်ဆောင်နေတာလား" လို့ ဖေဖေတွေးတယ်။ သရုပ်ဆောင်နေတာ မဟုတ်ဘူးဆိုတာလည်း ဖေဖေ သိလာတယ်။ သူလည်း လူသားမို့လား။ သူလည်းလေ မွန်မြတ်တဲ့ သန့်စင်တဲ့ ချစ်မေတ္တာကိုထားနိုင်မယ့် အပျိုအရွယ်ကလေးမို့လား။

မြစန္ဒာဟာ တန်းလျားနံဘေးကို လာမှီရပ်လိုက်တယ်။ ကိုယ်လုံးကလေးဟာနွဲ့လျနေတယ်။ သူက ဖေဖေ့မျက်နှာကို ဘေးတိုက်ငေးကြည့်နေတယ်။ ရင်အုံကလေး ချီလာပြီး သက်ပြင်းတစ်ချက်ကို ဖြည်းဖြည်းညင်းညင်း ရှူသွင်းနေတယ်။ သူ့သက်ပြင်းရှူသံဟာ ဖေဖေ့အသည်းနှလုံးအနားမှာဝေ့နေတယ်။

"အမောင်"လို့ သူက ခပ်တိုးတိုးခေါ်နေတယ်။

"အမောင် မြကို နှုတ်မဆက်တော့ဘူးလား"

ဖေဖေ ဘာမှပြန်မပြောနိုင်သေးမီမှာ အချိန်တွေဟာ ဘယ်သူကိုမှ မစောင့်ဘဲ သူ့ဘာသာသူ အပြေးအလွှားသွားနေလေရဲ့။ သရက်ရွက်ရော်ကလေးတွေဟာ တဝဲဝဲ တဝေ့ဝေ့ ခုံတန်းလျားအပေါ် သူ့အပေါ် ဖေဖေ့အပေါ် ကြွေနေကြလေရဲ့။ နေခြည်အစက်အပြောက် ကလေးတွေဟာ တန်းလျားပေါ်မှာ သူ့ဘာသာသူ တရွေ့ရွေ့လှုပ်ရှားသွားလာနေလေရဲ့။

အတော်ကြာမှ ဖေဖေနေရာက ထလိုက်တယ်။

"ကျွန်တော် ဘူတာကို လိုက်ပို့ပါ့မယ်လို့" ပြောလိုက်တယ်။

သူလိုက်ပို့တော့ ဘူတာရုံက ရထားကြီး တရွေ့ရွေ့ထွက်ခွာသွားပုံကို ဖေဖေတစ်သက်မှာ ဘယ်အခါမှမေ့နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီလိုနဲ့ အဆုံးသတ်သွားကြမှာထင်ပါရဲ့လို့ အပြန်လမ်းမှာ ဖေဖေတွေးလာခဲ့တယ်။

mgyoe.com

စာမေးပွဲဖြေပြီး ဖေဖေဟာ ခရိုင်မြို့ကြီးကို စွန့်ခွာလာရတယ်။ ဒီစိတ်သောကတွေ ဝေနေတုန်းမှာ ဖြေဆိုရပါလျက်နဲ့ စာမေးပွဲအောင်လာရပြန်တယ်။ ကျောင်းဆက်တက်နေရတယ်။

ဒီတုန်းက လွတ်လပ်ရေးအတွက် လှုပ်ရှားမှု အခြေအနေတွေဟာ မီးတောင်လို ပေါက်ကွဲတော့မယ်။ ဖေဖေ့စိတ်တွေဟာလည်း နှစ်ခြမ်းကွဲနေပြီ။ တစ်ခြမ်းက လွတ်လပ်ရေးတိုက်ပွဲဆီ၊ တစ်ခြမ်းက ချစ်တဲ့မြစန္ဒာဆီ။ တစ်ချိန်မှာ ဖေဖေဟာ တိုက်ပွဲဝင်ဖို့ စည်းရုံးရေးလှုပ်ရှားမှု ခေါင်းဆောင်နေတယ်။ တစ်ချိန်မှာတော့ ချစ်တဲ့မြစန္ဒာအတွက် ကဗျာလေးတွေ ရေးနေတယ်။ ညအခါတွေမှာ ဖေဖေ့ဝိညာဉ်ဟာ မြစန္ဒာရှိရာကို ပျံသန်းသွားနေကြတယ်။ အငြိမ့်ပွဲခင်းထဲရောက်နေတယ်မဟုတ်လား ဖေဖေ။

ဒီလိုနဲ့ဖေဖေ ဆယ်တန်းမဖြေနိုင်တော့ဘူး။ လက်နက်စွဲကိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဖေဖေဟာ ကိုယ့်ကိုယ်ကိုယ် အသေတွက်ထားတယ်။ ခေတ်တိုင်းရဲ့မီးရှူးတန်ဆောင် ခေတ်ရဲ့အမှောင်ကိုဖြိုခွင်းမယ့် သူတွေဟာ တက်ကြွတဲ့လူငယ်ကလေးတွေမဟုတ်လား။

ဒီတုန်းက ဖေဖေ့ရင်မှာ သူ့ကိုနောက်ဆုံးမြင်တွေ့ပြီး နှုတ်ဆက်သွားချင်နေတယ်။

သူဇာတ်နားလို့ အိမ်ပြန်ရောက်နေတယ် သတင်းကြားတော့ ဖေဖေ သူ့ရှိရာကို  သွားခဲ့ပြန်တယ်နော်။

အဲဒီညနေမှာ ဖေဖေဟာ သူတို့ခြံရှေ့က သရက်ပင်ကြီးအောက် ရောက်သွားတယ်။ ဖေဖေ့လက်ထဲမှာ ပိုးလက်ဆွဲအိတ်ကလေးတစ်ခု ကိုင်ထားတယ်။ အိတ်ကလေးကို သူ့ကို လက်ဆောင်ပေးဖို့လေ။ အပြာရောင်ချစ်မေတ္တာအရောင်အိတ်ကလေးပေါ့။ အိတ်ထဲမှာ သူ့ကို ရည်ညွှန်းပြီး ဖေဖေ့ရင်ထဲမှာ ဖြစ်နေရတဲ့မေတ္တာတွေကို ရေးဖွဲ့ထားတဲ့ကဗျာကလေးတွေကို စာအုပ်သုံးအုပ်အပြည့် ကူးရေးထားတာရယ်။ ဖေဖေ့ကဗျာတွေဟာ နတ်ရှင်နောင်ကို တုပဖို့ ကြိုးစားထားတာနေမှာပေါ့။ ဖေဖေ ငယ်ငယ်ကလေးကတည်းက ဝတ်ခဲ့တဲ့ ကျောက်အပြာနဲ့ လက်စွပ်ကလေးတစ်ကွင်းလည်း အိတ်ထဲမှာပါတယ်။

ဟိုတစ်ခါကလိုပဲ ခြံကြီးဟာ တိတ်ဆိတ်ငြိမ်သက်နေတယ်။

mgyoe.com

mgyoe.com

ဟိုတစ်ခါကလိုပဲ မြစန္ဒာဟာ ရေတွင်းနံဘေးမှာ ရေချိုးမယ့်ဆဲဆဲလေ။ သူဟာ ဖေဖေ့ကိုမြင်လိုက်တော့ ရေတွင်းကိုကျောမှီလိုက်တယ်။ ဖေဖေ့မြင်တော့ ချက်ချင်းပဲ သူပျော်နေလို့ မျက်နှာတစ်ခုလုံး ပန်းတွေပွင့်နေသလို ပြုံးလိုက်တာပဲ။

"အလည်လာတာနော် အမောင်" လို့ သူက လှမ်းမေးနေတယ်။ ဘာပြလို့မှန်း မသိဘူး။ သူ့အသံ တုန်တုန်ကလေးဟာ အက်နေသလိုပဲ။ ပိုပြီး စွဲမက်စရာကလေး။ ပိုပြီး နှစ်လိုဖွယ်ရာကလေး။ သူ့အသံဟာ ဖေဖေ့နှလုံးသားမြေပြင်ပေါ်မှာ စမ်းချောင်းကလေးတစ်ခုလို စီးသွားနေတယ်။

ဖေဖေဟာ ပြုံးဖို့ မေ့နေပြန်တယ်။ ဒါပေမဲ့ နိုင်ငံရေးတာဝန်တစ်ခုကို တိတိကျကျ ထမ်းဆောင်နေသလို ဖေဖေဟာ ဆုံးဖြတ်ချက်အတိုင်းပဲ ပန်းခြံကလေးကို ခြေလှမ်းကျဲကျဲ ဖြတ်လျှောက်ပြီး သူရှိရာရေတွင်းဆီ သွားနေတယ်။ သူ့အနားမှာကပ် ရပ်လိုက်တယ်။ မျက်နှာချင်းဆိုင်လိုက်တယ်။ ဒါပေမဲ့ ဖေဖေ့မျက်လုံးတွေဟာ မှုန်ရီဆိုင်းလို့ပေါ့နော်။ ဖေဖေ့မျက်နှာဟာ နီမြန်းလို့နော်။

"အလည်လာတာလား အမောင်တို့များ နေနိုင်လိုက်တာကွယ်၊ နှစ်နှစ်ကြာမှ တစ်ခါပေါ်လာတယ်။ နောက် ဘယ်လောက်ကြာများ ငုပ်သွားဦးမလဲမသိဘူး"

ချစ်တဲ့မြစန္ဒာရဲ့ အသံတွေဟာလည်း တုန်ရင်နေတယ်။ ဖေဖေကလည်း စကားတွေတောင်လိုပုံအောင် ပြောလိုက်ချင်ပါရဲ့။ စကားဖောင်တွေ ဖွဲ့လိုက်ချင်ပါရဲ့။ ဒါပေမဲ့ စကားလုံးတွေအားလုံးဟာ ဖေဖေ့ရင်ထဲက ပစ္စည်းတွေကို ဖော်ပြနိုင်ပုံမရှိဘူး။ ဖေဖေဟာ ဘာမှမပြောနိုင်ဘူး။ လက်ဆွဲအိတ်ကလေးကို ရေတွင်းနှုတ်ခမ်းပေါ် ဟင်လိုက်ရုံပဲ တတ်နိုင်တယ်။

သူလည်း ဘာပြောရမယ်သိဟန်မတူဘူး။ သူက ကိုယ်ကလေး ကျုံ့သွားပြီး ဖေဖေ့မျက်နှာကို မော့ငေးကြည့်နေတယ်။ သူ့အရပ်ပုပုကလေးဟာ ဖေဖေ့ထက် အတော်နိမ့်နေတယ်မဟုတ်လား။ သူ့မျက်လုံး ဝန်းစက်စက်ကြီးတွေဟာ ချစ်ဦးရည် ဝေ့လာနေသလိုမဟုတ်လား။ နှစ်ယောက်စလုံး ရင်ခုန်နေတယ်။ ဖေဖေဟာ ဒီနေရာက ထွက်ပြေးရမလား။တစ်ခုခုလုပ်

mgyoe.com

mgyoe.com


တော့မှဖြစ်မယ်။ ဒူးတွေလည်း တုန်လာတယ်။ ရေတွင်းကို ထောက်ထားတဲ့ ဖေဖေ့လက်တွေဟာ တဆတ်ဆတ်တုန်နေတယ်။

"အို . . . မထူးတော့ဘူး" လို့ ဖေဖေတွေးပစ်လိုက်တယ်။

ဖေဖေက ဘာမှမပြောဘဲနဲ့ မျက်လုံးစုံမှိတ်ပြီး သူ့တစ်ကိုယ်လုံးကို ပွေ့ပစ်လိုက်တယ်။ "အို" လို့ သူက လန့်အော်တယ်။ သူ့ ကိုယ်လုံးကလေး တစ်ခုလုံး ဖက်ရွက်ကလေးလိုပဲ ဖေဖေ့ရင်ခွင်ထဲရောက်နေတယ်။ သူ ရုန်းကန်နေတာလည်း အားအင်ကုန်ခန်းနေသလိုပဲ။

"ချစ်လို့လာတာ နှုတ်ဆက်ဖို့လာတာ။ ချစ်လို့လာတာ" နဲ့ပဲ ထပ်ပြန်တလဲလဲ ပြောနေတဲ့ ဖေဖေ့အသံရော။ ဖေဖေ့တစ်ကိုယ်လုံးရော တဆတ်ဆတ်တုန်နေတယ်။

ဒါပေမဲ့ သူ့စကားသံတွေဟာ ဖေဖေ့အသည်းကို လွှမ်းသွားတယ်။ သူက သူ့ကို ဖေဖေစော်ကားနေတယ်လို့ ယူဆသွားတယ်။ စွဲစွဲမြဲမြဲ ယူဆသွားတယ်။ အတင်းရုန်းတယ်။ တကယ်ပဲ ဒေါသပေါက်ကွဲနေတယ်။ ဖေဖေဟာ ဘာမှလည်း ပြန်မဖြေရှင်းနိုင်ဘူး။ ငိုပစ်လိုက်ချင်တာပဲ။

"မင်း . . .မင်း . . .လူကို အငြိမ့်သမဆိုပြီး စော်ကားတာ။ အငြိမ့်သမဆိုရင် မိန်းမပျက်ထင်တာကိုး။ တစ်လောကလုံးလည်း အတူတူပဲ။ မင်းလည်း အတူတူ၊ အနုပညာကိုမြတ်နိုးလို့ ကနေကြတဲ့ သူတစ်ယောက် တလေ ရှိသေးတယ်ဆိုတာတောင် မသိကြတော့ဘူး။ ဒီဘဝဖြစ်လာရတာ လူတွေအစော်ကားခံဖို့။ လွှတ်စမ်း၊ လွှတ်ဆို လွှတ်လိုက်စမ်း။ မင်း အခု လုပ်ပုံကြည့်စမ်း မိန်းမတစ်ယောက်ကို တကယ်ချစ်ရင် ဖာလို မဆက်ဆံရဘူး။ လေးစားရတယ်။ ကိုယ့်ကို ဒီလိုလုပ်လို့မရဘူး မောင်ဘမင်း။ ဒီလို စော်ကားရင် ပါးရိုက်လွှတ်တာပဲ။ မင်းမို့လို့။ ကဲ . . .ထွက်သွားစမ်း . . . ထွက်သွားစမ်း"

ဖေဖေဟာ သူ့ကိုလွှတ်လိုက်ပြီး ရိုက်ချင်ရိုက်ပါစေဆိုပြီး အနားမှာ ပဲ ရပ်နေတယ်။ မြစ်နန္ဒာဟာ ရှိုက်ကြီးတငင် ငိုနေတယ်။ ညနေခင်း နေခြည်များလည်း စိတ်ထိခိုက်စရာ ညှိုးရော်သွားနေကြပြီ ဖေဖေ။

ဖေဖေဟာ သူ့ကို ဘယ်လိုဖြေရှင်းရမယ် မသိတော့လို့ ခေါင်းကိုငုံ့ ပစ်လိုက်တယ်။ ဖေဖေ့ခေါင်းဟာ ဇက်က ကျိုးကျသွားသလိုပဲ။

mgyoe.com

"ကျွန်တော် ချစ်တယ် . . . မြ"

"ကျွန်တော် ချစ်တယ်"

"မြကို ကျွန်တော်ချစ်တယ်"

"ကျွန်တော် ချစ်တာပါ"

"ကျွန်တော် ချစ်နေတာ"

ဒါကိုပဲ ခပ်တိုးတိုးညည်းတွားသလို ထပ်ပြန်တလဲလဲ မြရဲ့ဖွဲချက်တွေကြားမှာ ရွတ်ဆိုနေတယ်။ တစ်ချက်မှလည်း မြရဲ့မျက်နှာကို မကြည့်ရဲတော့ဘူး။ "ချစ်တာပါ ကျွန်တော်ချစ်တာ၊ မပြောတတ်တော့ဘူး။ ကျွန်တော် ငိုချင်နေပြီ" လို့ပြောပြီး ဖေဖေဟာ မငိုမိခင်မှာ လှည့်ထွက်လာခဲ့တယ်။

"ဒါ နောက်ဆုံးပါပဲ" လို့တွေးလာခဲ့တယ်။

အဲဒီ ညက ဖေဖေ အိမ်ပြန်မရောက်တော့ဘူး။ လွတ်လပ်ရေးတပ်မတော်နဲ့ မြေအောက်ကိုရောက်သွားတယ်။ ရက်ပိုင်းအတွင်းမှာပဲ တိုက်ပွဲတွေဖြစ်လာတယ်။ ဖေဖေဟာ သေနတ်မချရတော့ဘူး။ ဂျပန်တစ်ခေတ်လုံးမှာလည်း လက်နက်ကိုင် ဝရမ်းပြေးနေရတယ်။ နောက်ဖက်ဆစ်တော်လှန်ရေး နောက်တောတွင်း ရောက်သွားတယ်။

အချိန်တွေဟာ အရာရာကို ပြောင်းလဲပစ်နေတယ်။

နောက်တော့ ဖေဖေဟာ ကဗျာကလေးတွေ ရေးပါတယ်။ ဒါပေမဲ့ ဖေဖေ့ကဗျာ စာရွက်ကလေးတွေကို ပြည်သူ့ဘဝကင်းကွာတဲ့ ပုဂ္ဂလိကခံစားမှုတွေဆိုပြီး ဖေဖေကိုယ်တိုင် ရှက်စိတ်နဲ့ မီးရှို့ပစ်တယ်။

ဒါပေမဲ့ အိပ်မက်တွေထဲက "ပုဂ္ဂလိက ခံစားမှု" ကိုတော့ ဖေဖေ မငြင်းပယ်နိုင်ဘူးမို့လား။ အိပ်မက်တွေထဲမှာ သူ့ကို တွေ့တွေ့နေရတယ်။ တစ်ခါတစ်ရံ အိပ်မက်တွေထဲမှာ သူငိုနေတယ်။ တစ်ခါတစ်ရံ အိပ်မက်တွေထဲမှာ သူက ရန်တွေ့နေတယ်။ မိုးလင်းတော့ အိပ်မက်ကို ဘယ်လိုမေ့မေ့ မေ့လို့မရဘူး။ ဖေဖေဟာ အိပ်မက်ဆန်တဲ့ ပန်းချီကားတွေကို ရေးမိလာတယ်။

ဒီလိုနဲ့ ယုံကြည်ချက်အတွက် အသက်ကိုစွန့်လှူရင်းနဲ့ အချိန်တွေဟာ တဖြုတ်ဖြုတ်ကြွေနေတယ် ဖေဖေ။

mgyoe.com

mgyoe.com

တစ်နေ့မှာ ရင့်ကျက်နေပြီလို့ ကိုယ့်ကိုယ်ကိုယ်ထင်နေတဲ့ ဖေဖေ့ရှေ့မှောက်ကို မြစန္ဒာရဲ့ အတိတ်ပန်းချီကားဟောင်းတစ်ချပ် ရောက်လာတယ်။

မြစန္ဒာဟာ ဘယ်တုန်းက၊ ဘယ်နေရာမှာ၊ ဘယ်အရာရှိတစ်ဦးကို ဘယ်လိုအသုံးတော်ခံခဲ့ရဖူးတယ်ဆိုတဲ့ သတင်းစကားလေ။

ဖေဖေဟာ တုန်လှုပ်သွားတယ်။ ပြဿနာရပ်တွေတိုင်းမှာ ရပ်ကျကျချဉ်းကပ်နိုင်ပါတယ်ဆိုတဲ့ ဖေဖေဟာ ဒီနေရာမှာတော့ မရင့်ကျက်နိုင်တော့ဘူး။ တုန်လှုပ်သွားတယ်။ နာကြည်းသွားတယ်။ သူ့ကို စံပယ်ကလေးလိုဖြူစင်နေစေချင်တဲ့ ဖေဖေ့ဆန္ဒတွေ ကိန်းဝပ်နေတဲ့ ဖေဖေ့နှလုံးသားဟာ အဆိပ်တွေနဲ့ ပြည့်ဖောင်းလာနေသလိုပဲ။ ဒီရက်တွေအတွင်းမှာ ဖေဖေ့ရဲ့ ဘဝတစ်ဆစ်ချိုးကွေ့လာသလို တစ်နေ့မှာ မေမေ့ကို တွေ့ရတာပဲမို့လား ဖေဖေ။

ဒီတုန်းက မေမေရဲ့တိုက်ပွဲတွေဟာ နာမည်ကျော်ကြားစ မေမေဟာ ကျောင်းဆရာမကလေးဘဝက ကူးပြောင်းလာခဲ့သူ။

မေမေနဲ့ မြစန္ဒာဟာ လုံးဝကို ဆန့်ကျင်ခြားနားတယ်။

မေမေဟာ အရပ်မြင့်မြင့်၊ တုတ်တုတ်ခိုင်ခိုင်၊ အသားညိုညို၊မျက်နှာထားတင်းတင်း၊ မေမေ့နှုတ်ခမ်းတွေဟာ ပြတ်သားတဲ့အသွင်နဲ့ စေ့နေတတ်တယ်။ စကားပြောရင် ပထမ ညင်ညင်သာသာနဲ့ ချီလိုက်ပြီး ပြဿနာရဲ့ထိပ်ဆုံးရောက်နေတဲ့အခါ ဗုံးတွေပေါက်ကွဲနေသလို လွှမ်းမိုးနေအောင်ပြောတတ်တယ်။ ဆွေးနွေးပွဲတွေမှာ မေမေကန့်ကွက်ရင် မိုးကြိုးထစ်ချုန်းပြီး ဆက်တိုက်ပစ်ချနေသလိုပဲ။ မေမေ့မျက်လုံးတွေဟာ အရာရာကို ဖောက်ထွင်းမြင်နေရသလို ကြည်လင်တောက်ပနေတာဟာ အရောင်တဖိတ်ဖိတ်ထွက်နေသလိုပဲ။ ဖေဖေက မေမေ့ကို ရဲဘော်တစ်ဦးအဖြစ်နဲ့ လေးစားရင်းက ချစ်လာခဲ့တာ။

"သူ့ကို ကျွန်တော်လက်ထပ်ချင်တယ်" လို့ ဖေဖေဟာ တစ်ဆင့်စကားနဲ့ မေမေကြားအောင်ပြောလိုက်တယ်လေ။

နောက်နေ့မှာ ဖေဖေနဲ့ မေမေခွဲခွာလာကြတယ်။

နောက် သုံးလကြာလို့ ပြန်ဆုံစည်းတော့ လက်ထပ်ကြတယ်။

ဘာပြောနေဖို့လိုမယ်။

mgyoe.com

mgyoe.com


ယုံကြည်ချက်ချင်းအတူတူ၊ လျှောက်နေတဲ့လမ်း အဆုံးသတ်ပန်းတိုင်တွေလည်း အတူတူ၊ ဖေဖေဟာ ဘဝကို နက်နက်ရှိုင်းရှိုင်းတွယ်တာလာတယ်။ ဘဝကိုငြီးငွေ့တဲ့ အယူအဆဟောင်းတွေကို ရွံမုန်းလာတယ်။ ဘဝမှာ လက်တစ်သစ် အချိန်တိုကလေးပဲနေရနေရ မက်မောနေရမယ်။ သားသမီး၊ အချစ်မေတ္တာ၊ သံယောဇဉ်တွေ မှန်သမျှကို တွယ်တာပြီး ဘဝကို နေနိုင်သမျှ နေသွားရမယ်။ နေနေရင်း လူသားတွေရဲ့ ကောင်းကျိုးတွေကို ဆောင်ရွက်သွားနေရမယ်။

ဘဝဆိုတာ၊ ညညီလာတဲ့
သည်မှာဟိုမှာ၊ ကြယ်ပြာလက်နေ
စိန်ခက်မြခက်၊ ဘယက်ကျောက်ရွဲ
အနံ့ကြဲပက်၊ ပုလဲနီလာ
မိုးဝမှာခို၊ မိုးပြိုဘနန်း
အံ့မခန်းလေ၊ လှဆန်းဆင်နေမရေနိုင်။
မိုးဝပင်လယ်၊ အပြာခြယ်လို့
မိုးပင်လယ်ပြင်၊ ရောင်စုံဆင်ခိုင်
တိမ်တိုက်ရွှေ့လျော၊ စီးခိုမျောနေ။
ရောင်စုံပြွတ်သိုက်၊ တိမ်တတိုက်လဲ
မကိုင်ရှိသံရဖူ၊ တလူလူပေါ့
တူရူဖြတ်သန်း၊ လထက်ခြမ်းကို
ဝန်းခိုပတ်နေ။
ကောင်းကင်ပင်လယ်၊ မြေပင်လယ်တို့
ယက်ရှယ်ကူးသန်း၊ စက်ဝန်းခြမ်းမှာ
ဂီတကပန်းခင်း၊ အေးစွငြိမ်းစွ
အလှနက်နဲ၊ အနံ့ကြဲနေ။
ဘဝသည်မှာ၊ ညညီလာပေါ့ . . .
သည်မှာဘဝ၊ သည်မှာညပေါ့ . . .
ညဥ့်နဲ့အလှ . . .
အလှနဲ့အချစ်

mgyoe.com

mgyoe.com

ပေါင်းစည်းရစ်တဲ့

အချစ်ညလေ။

ဖေဖေ့ကဗျာထဲက စကားမျိုးတွေကို ဖေဖေ မကြာခဏပြောနေတယ် မဟုတ်လား။ "လူဆိုတာ ဘဝကိုတပ်မက်နေရမယ်။ ချစ်နေရမယ်၊ သံယောဇဉ်တွေနဲ့ ရစ်ပတ်နေရမယ်၊ နောက်ဆုံး စက္ကန့်အထိ ဘဝကိုတွယ်တာသွားရမယ်။ ယုံကြည်ချက်ရှိနေရင် ဘဝဆိုတာ တပ်မက်စရာပါ" လို့ ဖေဖေပြောခဲ့ဖူးတဲ့ စကားတွေကို . . .

ဖေဖေ . . .သမီးလေ ဖေဖေ့ပန်းချီကားတွေကို အသံမမြည်အောင် ချိတ်ဆွဲနေတုန်းမှာ တသသ သတိရနေပါတယ်။

ဒီကဗျာကို သတိရနေဆဲမှာ ဖေဖေဟာ ဖေဖေရဲ့နောက်ဆုံးစက္ကန့်တွေအတွက် ဖေဖေအနှစ်ခြိုက်ဆုံးအသွင်နဲ့ နေသွားတော့မယ်ဆိုတာ သမီးမတွေးမိဘဲမနေနိုင်ဘူး။ ဒီနေ့ညဟာ ဖေဖေရဲ့နောက်ဆုံးညလို့ ကြွေးကြော်နေသလိုပဲ။ ဖေဖေတပ်မက်တဲ့ဘဝကို စွန့်ပယ်သွားတော့မယ်။ ထွက်ခွာသွားတော့မယ်။

"ဦးလေးဟာ ဒီပန်းချီကားတွေ ဘာပြုလို့ရေးခဲ့တာလဲဟယ်" လို့ မောင်ထူးက ခပ်တိုးတိုးမေးနေတယ်။

သမီး သူ့ကို ပြန်မဖြေနိုင်ဘူးဖေဖေ။ ဖြေရမယ်ဆိုရင် အရှည်အဝေးကြီးဖြေနေရမှာ။ ပြီးတော့ ဒါဟာ တစ်ထိုင်တည်းနဲ့ သိဖို့မလွယ်ဘူး။ နှလုံးသားနဲ့ ခံစားနိုင်မှ သိနိုင်မှာမဟုတ်လား ဖေဖေ။

ဖေဖေ့ပန်းချီကားတွေကို ပြပွဲတွေလည်း မတင်ခဲ့ဘူး။ ကျော်ကြားဖို့လည်း မလုပ်ခဲ့ဘူး။ဖေဖေ့လုပ်ဟန်နဲ့ ဗမာပြည်ကလေးမှာ ကျော်ကြားဖို့လည်းမဖြစ်နိုင်ဘူး။ ဒါပေမဲ့ ဖေဖေဟာ ပန်းချီကားတွေ အဆက်မပြတ်လိုလိုရေးလာခဲ့တယ်။ ဖေဖေ့အတ္တဟာ ပန်းချီကားတွေပေါ်မှာ အစဉ်အမြဲလိုလို လှုပ်ရှားနေခဲ့တယ်။ ဖေဖေ့ခံစားရမှု၊ ဖေဖေ့ယုံကြည်ချက်၊ ဖေဖေ့မေတ္တာတရား၊ ကရုဏာတရား၊ ဖေဖေ့နှလုံးသား။ ဖေဖေက လူ့လောကကြီးကို နှိုးဆော်နေခဲ့တဲ့ "ဘဝကိုတပ်မက်ကြစမ်းပါ" ဆိုတဲ့စေတနာ။

ပန်းချီကားတွေ ချိတ်ပြီးချိန်မှာ သန်းခေါင်လွန်စပြုနေပြီ ဖေဖေ။ အချိန်တွေဟာ နောက်နေ့ ဖေဖေမွေးခဲ့တဲ့၊ မေမေလူ့လောကထဲ ရောက်လာ

mgyoe.com

mgyoe.com


ခဲ့တဲ့၊ ဖေဖေနဲ့ မေမေ လက်ထပ်ခဲ့တဲ့၊ မေမေကို မြှုပ်နှံခဲ့တဲ့ စနေနေ့ နယ်ပယ်ထဲကို တဖြည်းဖြည်းချင်း တစ်လှမ်းချင်း လှမ်းဝင်လာနေပြီ ဖေဖေ။ သန်းခေါင်ကြက်တွန်သံတွေဟာ အဝေးဆီက ပေါ်လာနေလိုက်တာ စိတ်ထိခိုက်စရာလိုပဲ။

ပန်းချီကားတွေအားလုံးချိတ်ပြီးတော့ ကြီးကျယ်ထည်ဝါတဲ့ တစ်ကိုယ်တော်ပြပွဲကြီးတစ်ခုဖြစ်နေပြီ ဖေဖေ။

ပြခန်းကြီးကိုကြည့်ရင်း ဖေဖေဟာ ဘယ်လောက်ကြီးမားတဲ့ အနုပညာသည်ကြီးလဲဆိုတာ ပေါ်လာနေတယ်။ ဖေဖေဟာ ဖေဖေ့ကိုယ်ကို အနုပညာသည်ကြီးအဖြစ်နဲ့ နောက်ဆုံးနေ့ရချိန်ကလေးမှာ ကြည်နူးသွားချင်တာကိုး။ အနီရောင်၊ ကြက်သွေးရောင်လွင်နေတဲ့ ပန်းချီကားချပ်တွေဟာ မီးရောင်လဲ့လဲ့အောက်မှာ တောက်ပနေကြတယ်။ အရောင်မှိုင်းကြီးတွေသုံးပြီး ဖေဖေစိတ်ညစ်တဲ့အခါ ရေးဆွဲခဲ့တဲ့ ပန်းချီကားကြီးတွေကျတော့ ငိုနေကြသလိုပဲ။

ပန်းချီကားတွေအားလုံးကို မြင်ရတဲ့နေရာမှာ ဖေဖေထိုင်ဖို့ ကုလားထိုင်ကိုချလိုက်ကြတယ်။ ပြီးတော့ ပြတင်းတွေအားလုံးလိုက်ဖွင့်တယ်။ ဖေဖေထိုင်မယ့်နေရာက လှမ်းကြည့်ရင် ဖေဖေ ချစ်တဲ့ညကိုမြင်ရမယ်။ ဖေဖေချစ်တဲ့ လဝန်းခြမ်းဟာ ဖေဖေ့ရှေ့နားမှာ တရွေ့ရွေ့သွားနေလိမ့်မယ်။ ဖေဖေရဲ့ စိန်ကြယ်၊ မြကြယ်၊ နီလာကြယ်တွေလည်း ဖေဖေချစ်တဲ့ နှင်းတိမ်တိုက်တွေဟာ ရွေ့လျောနေကြလိမ့်မယ် ဖေဖေ။

"ဦးလေးအောင် ရောက်ရင် ငါ ထင်းတဲထဲ သွားနေမယ်ဟယ်" လို့ မောင်ထူးက ပြောနေတယ်။

အပေါ်ထပ်ကို သမီးတို့ မောင်နှမတက်လာတော့ ဖေဖေဟာ မျက်စိကို မှိတ်ထားရာက ဖြည်းဖြည်းချင်း ဖွင့်ကြည့်တယ်။

ဖေဖေ့အနားမှာ သမီးတို့ မောင်နှမယှဉ်ရပ်နေပါတယ်။

ဖေဖေက လက်နှစ်ချောင်းကို ဆန့်တန်းပေးလိုက်တယ်။ အားယူပြုံးနေတယ်။ ဖေဖေ့အပြုံးဟာ နွမ်းရော်နေပါပြီ။ ဒါပေမဲ့ ချိုမြနေဆဲပါပဲ။ ကရုဏာ မေတ္တာတရားတွေ ပြည့်ဝနေတုန်းပါပဲ ဖေဖေ။

"သမီးလေးက သိပ်လိမ္မာတာပဲ" လို့ ဖေဖေ့စိတ်ထဲမှာ ပြောနေတယ်

mgyoe.com

mgyoe.com


မဟုတ်လား။

ဖေဖေ့ကို အောက်ထပ်ကို သယ်ယူလာခဲ့တယ်။

ဖေဖေ့ကို ပန်းချီကား ပြခန်းကြီးရဲ့အလယ်က ခုံညားတဲ့ကုလားထိုင်ကြီး ပေါ်မှာ ဘုရင်ဧကရာဇ်ကြီးတစ်ပါးလို တင်ပေးထားလိုက်တယ်။

ဖေဖေဟာ ပန်းချီပြခန်းကို မကြည့်သေးဘူးလား။

"သမီးလေး အိပ်ချင်ပြီလား"လို့ လေသံနဲ့မေးတယ်။

"မအိပ်ချင်သေးဘူးဖေဖေ၊ သမီး နေ့လယ်က အိပ်ထားပါတယ်"

ဖေဖေဟာ သမီးမျက်နှာကို ငေးကြည့်နေတယ်။ ခပ်ယဲ့ယဲ့ပြုံးနေတယ်။ အပြုံးဟာ မှေးမှိန်စပြုနေပါပြီ။

ဖေဖေ့အပြုံးထဲမှာရော ဖေဖေ့မျက်လုံးထဲမှာရော သမီးကို တစ်ခုခု အတွက် တောင်းပန်နေသလိုပဲဖေဖေ။ တစ်ခုခုကိုတောင်းဆိုချင်နေတယ်။ ဖွင့်ဟပြီးတော့လည်း မတောင်းဆိုရက်ဘူးလိုပဲ။

ဘာလဲလို့ သမီးတွေးကြည့်တယ်။ ရုတ်တရက် အစရှာမရဘူး။ ဖေဖေ တောင်းဆိုတာဟာ ဖေဖေရဲ့နောက်ဆုံးဆန္ဒပဲ။ ခဏနေတော့မှ အနုပညာကို မက်မောတွယ်တာလွန်းတတ်တဲ့ ဖေဖေစိတ်မနောကို သတိရလာတယ်။ ဖေဖေဟာ ဖေဖေ့ပန်းချီကားတွေကြည့်နေဆဲမှာ သမီးရဲ့စောင်းသံကိုလည်း နားထောင်နေချင်သေးတယ်။

ဟုတ်ပါတယ်။

ဘာပြုလို့လဲဆိုတော့ ညဉ့်နက်သန်းခေါင်မှာ အိမ်ရှေ့ဝရန်တာမှာ သမီး စောင်းထွက်တီးနေရင် ဖေဖေဟာ ဘယ်လောက်နေ့ခင်းတွေမှာ မောလာ ပန်းလာတယ်ဖြစ်ဖြစ် ဝရန်တာဘက်ကို ထွက်လာတတ်လို့ ဖေဖေ သမီး အနားမှာထိုင်ပြီး ဘာမှမပြောဘဲ ငြိမ်နေတတ်တယ်။ ကောင်းကင်ပြင်ကြီး ကို ငေးနေတတ်တယ်။ မေမေ့ကို မြှုပ်နှံခဲ့တဲ့ ကျောက်တောင်ကုန်းဘက် လှည့်ပြီး တွေးနေတတ်တယ်။ တစ်ခါတစ်ရံတော့ လရောင်အောက်မှာ ဖေဖေ မျက်နှာပေါ်မှာ ချိုမြတဲ့ ကြည်နူးစရာအပြုံးရိပ်ကလေးတွေ တွေ့ရ တတ်တယ်မဟုတ်လား။

ဖေဖေခွင့်ပြုရင် သမီးစောင်းတီးနေချင်တယ်ဖေဖေ။ ဖေဖေ့ကို အနှောင့် အယှက်မဖြစ်ရင်လေ"

mgyoe.com

ဖေဖေဟာ ပြုံးနေလျက်ပဲ။

သမီးလက်ကို အသာကလေး လှမ်းဆုပ်ကိုင်လိုက်တယ်။ သမီးကို ပိုပြီးအနားတိုးကပ်လာစေချင်ဟန်ပဲ။ သမီးလည်း အနားပိုတိုးလိုက်တယ်။ မျက်နှာချင်း ထိလုဘနန်းပဲ ဖေဖေ။

ဖေဖေဟာ သမီးနဖူးကို နမ်းနေတယ်။ အကြာကြီးပဲ ညင်ညင်သာသာပဲ။

"သမီးဟာလေ သိပ်လိမ္မာတာ။ ဒီလိုလိမ္မာတဲ့ သမီးကလေးကို ဖေဖေ ခွဲသွားရမယ်။ ခုအခါမှာ ဟိုဘဝရှိတယ်ဆိုတဲ့ အယူအဆရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ သမီးရယ်။ ဟိုဘဝမှာ သမီးနဲ့ဖေဖေပြန်ဆုံကြမယ်လို့ ဖေဖေယုံကြည်သွားလို့ရတယ်။ ဆုတောင်းသွားရရင် စိတ်ချမ်းသာစရာပဲနော်။ ဒါကြောင့် ဘာသာတရားဆိုတာ မရှိရင် ဘာသာတရားတစ်ခုကို တီထွင်ကြရမယ်လို့ ပြောတာ။ ကဲ သမီးလေးရေ့ နှုတ်ဆက်လိုက်တာပဲ။ ဒါဟာ နှုတ်ဆက်တာ နောက်ဆုံးနှုတ်ဆက်လိုက်တာ" နဲ့ ဖေဖေက သမီးကိုပြောနေသလိုပဲ။ ဖေဖေ့စိတ်ထဲမှာ ဒီအတိုင်းပြောနေတယ်လေ။

သမီးလေ ငိုပလိုက်ချင်လိုက်တာ ဖေဖေ။ ဖေဖေနမ်းနေတော့ ဖေဖေ့နှာခေါင်းက လေဟာ သမီးရဲ့နဖူးဆံစပ်ကို ဝေ့နေတယ်။ ဒါနောက်ဆုံးပဲလို့ သမီးသိနေတယ်။

သမီးလည်း ဖေဖေ့နဖူးကို ပြန်နမ်းတယ်။ အကြာကြီး နမ်းနေတယ်။ မငိုမိဖို့ စိတ်ကိုတင်းတယ်။ ဒါပေမဲ့ ရင်ထဲက ငိုနေတယ်ဖေဖေ။ မျက်ရည်တွေဟာ ရင်ထဲမှာတော့ ပြည့်နေပါပြီ ဖေဖေ။

ဒီအချိန်မှာ မောင်ထူးဟာ ဖေဖေ့ကို နှုတ်မဆက်နိုင်တော့ဘူး။ ချာခနဲ လှည့်ထွက်သွားတယ်။ သူဟာ ယောကျ်ားကလေးဖြစ်ပေမယ့် သမီးရဲ့တစ်ဝက်စိတ်မခိုင်ဘူး။ သမီးနဲ့ဖေဖေ နှုတ်ဆက်နေတာလည်း သူကြည့်မနေနိုင်ဘူး။

ခုဆို ဖေဖေ သူဟာ ထင်းတဲကလေးထဲမှာ ကျိတ်ပြီး တရှိုက်ရှိုက်ငိုနေလောက်ပြီ။

သမီးလေ ဖေဖေ့အနားကခွာဖို့အတွက် စိတ်ကိုတင်းတယ်။ ပြီးတော့မှ နောက်ဆုတ်လိုက်တယ်။ သမီးမျက်နှာပေါ်မှာလည်း ပြုံးနေလျက်ပေါ့။

mgyoe.com

mgyoe.com


ဖေဖေလည်း ပြုံးနေလျက်ပေါ့။ ဒါပေမဲ့ စိတ်ထဲမှာ ဘယ်လိုငိုကြွေးနေကြတယ်ဆိုတာ သမီးလည်းသိတယ်။ ဖေဖေလည်း သိနေတယ်မဟုတ်လား ဖေဖေ။

ဖေဖေက ခေါင်းညိတ်ပြလိုက်တယ်။

သမီးလေ အိမ်ပေါ်ပြန်မတက်ချင်တော့ဘူး ဖေဖေ။ ဒီနောက်ဆုံးအချိန်ကလေးမှာ ဖေဖေ့အနားကလည်း မခွာချင်တော့ဘူး။ ဖေဖေ တစ်ယောက်တည်းကိုလည်း မထားခဲ့ရက်ဘူး။ ဒါပေမဲ့ ဖေဖေ့ဆန္ဒအတိုင်းပဲ လိုက်နာရမယ်။ ဖေဖေ့အနားက တစ်လှမ်းခွာသွားဖို့ရာအတွက် သမီးစိတ်ကို သမီးတင်းလိုက်ရတယ် ဖေဖေ။ ခြေထောက်တွေကလည်း ငြင်းဆန်နေတယ်။ နှလုံးသားကလည်း ငြင်းဆန်နေတယ်။

လှေကားရဲ့ အထက်ဆုံးထစ်ရောက်တော့ ဖေဖေ့ကိုပြန်လှည့်မကြည့်ဘူးလို့ ပိုင်းဖြတ်ထားလျက်နဲ့ နောက်ဆုံးကြည့်ခြင်းအနေနဲ့ မကြည့်ဘဲနေလို့မရတော့ဘူး။ အဲဒီမှာ ရပ်လိုက်တော့ သမီး ငိုနေပြီ။ မျက်ရည်ပေါက်တွေဟာ မိုးပေါက်တွေလိုပဲ။ လှေကားပေါ်ကို တဖြုတ်ဖြုတ်ကြွေနေတယ်။

လှည့်ကြည့်လိုက်တော့ အနုပညာသည်ကြီး ဖေဖေဟာ ဖေဖေ့ပန်းချီကားတွေကို ကြည့်နေပြီလေ။

ဖေဖေ့ခေါင်းနောက်စေ့ဘက်က ကြည့်ရတာကိုပဲ ဖေဖေ့ရင်ထဲမှာ ဖြစ်ပျက်နေမှု အာရုံစဉ်ကို မြင်နေရသလိုပဲ။ အို . . .ဖေဖေဟာ ကျွမ်းနေပြီဖြစ်တဲ့ ဖေဖေ့ဝေဒနာကို မေ့နေပါပေါ့လား။ နောက်ထပ်ဖြစ်တော့မယ့် ကျောနားမှာကပ်နေတဲ့ အချိန်တွေကိုလည်း မေ့နေပြီ။ ပစ္စုပ္ပန်ပေါ်မှာ ဖေဖေ့စိတ်ဝိညာဉ်ဟာ ငြိမ်သက်နေပြီ။ အို . . .အနုပညာဟာ ဖေဖေရဲ့ ဘာသာတရားပါကလား ဖေဖေ။ ဖေဖေ့မှာ ဘာသာတရားမရှိဘူးဆိုတာ မဟုတ်ပါဘူး။ ဖေဖေရဲ့ ဘာသာတရားကို ဖေဖေယယ်စဉ်ကလေးကတည်းက ဖန်ဆင်းလာခဲ့တာပဲဖေဖေ။

ဒါဟာ သမီးခံစားတတ်တဲ့ နိဗ္ဗာန်ပါဖေဖေ။ ဒါဟာ သောကဒုက္ခအပေါင်းမှ လွတ်မြောက်ရာအမှန် ခေမာဘူတ နိဗ္ဗာန်ပါဖေဖေ။

သမီးနဲ့ ဖေဖေဟာ တစ်လှမ်းချင်း တစ်စက္ကန့်ချင်း ဝေးသွားနေပြီ။

အိမ်အပေါ်ထပ် ရောက်ရောက်ချင်း သမီးလေ စောင်းထည့်ထားတဲ့

mgyoe.com

mgyoe.com


ဗီရိုကိုဖွင့်တယ်။ ဗီရိုရဲ့ မှန်ရိပ်ထဲက သမီးမျက်နှာကို ပြန်ကြည့်တယ်။ သမီးရဲ့မျက်နှာဟာ ငိုနေပါပြီ ဖေဖေ။ မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်နေပြီ။ သမီးရဲ့မျက်လုံးတွေဟာ မေမေနဲ့တူနေလို့သာပဲ ဖေဖေ။ မေမေ့ကျတော့ ပြတ်သားတယ်။ တင်းမာတယ်။ အသက်သာ အသေခံသွားတယ်။ ယုံကြည်ချက်ကို အလျှော့မပေးဘူး။ မေမေ့သမီးလည်း တင်းမာနိုင်ရမယ်။ ပြတ်သားနိုင်ရမယ်။ အန်တုနိုင်ရမယ်။

သမီးလေး အစောကဖွင့်ထားခဲ့တဲ့ ပြတင်းပေါက်တွေကို ပြန်မပိတ်ချင်တော့ဘူး။ ပြတင်းပေါက်တွေ ပိတ်လိုက်ရင် သမီးလည်းအားလုံးနဲ့ အဆက်အဆံပြတ်တောက်ပြီး အကျဉ်းခန်းကလေးထဲ ရောက်နေသလို ခံစားရမယ်။

သမီး စောင်းကြိုးညှိနေချိန်မှာ ကောင်းကင်ပြာကြီးဟာ တိတ်ဆိတ်ငြိမ်သက်လို့ပေါ့။ စိန်ကြယ် မြကြယ်တွေလည်း ဖိတ်လက်လို့ပေါ့။ ညဟာ အပြာနုရောင် အချစ်ရဲ့အရောင်။ မေတ္တာအရောင် ငြိမ်းချမ်းမှုအရောင်။

သမီးလေ သီချင်းရယ်လို့ မဟုတ်ဘဲ အသံတွေဟိုပြေးဒီလွှား ကစဉ့်ကရဲ တီးခတ်နေတယ်။ သမီးရဲ့လက်ချောင်းကလေးတွေဟာ သူ့ဟာသူ ပြေးနေတယ်။ ဂီတသံဟာ သာယာနေတယ်လို့တော့ ခံစားမိပါတယ်။ ညွတ်ပျောင်းနေတယ်။ အသံဟာ အလှပစ္စည်းတွေကို တည်ဆောက်နေတယ်။

သမီးကိုယ်တိုင်လည်း ပစ္စည်းကလေးတစ်ခုပဲမဟုတ်လား ဖေဖေ။ ဖေဖေတို့ မေမေတို့ရဲ့အမွေကို ဆက်ခံသွားမယ့် ပစ္စည်းကလေးတစ်ခုပေါ့။

သမီးမျက်လုံးထဲမှာ မြင်နေတာတွေ အများကြီးပဲ။ ဖေဖေ နှင်းဆီခြံထဲမှာ အလုပ်လုပ်နေပုံတွေ၊ ငယ်ငယ်တုန်းက ဖေဖေ့ရင်ခွင်ထဲမှာ သမီးထိုင်ခဲ့တာတွေ၊ ဖေဖေမြေပေါ်ရောက်လာတော့ သမီး ဖေဖေ့ကို မသိဘဲ စိမ်းနေခဲ့တာတွေ။ သမီးရဲ့ကျောင်းသူဘဝ။ ပြီးတော့ ဖေဖေရဲ့မြစ်နှာလေ . . .။

ဒီအချိန်မှာ ဖေဖေလည်း မြစ်နှာနဲ့ ပတ်သက်တဲ့ ပန်းချီကားတွေကြည့်နေရင်း သူ့ကို သတိရကောင်း ရနေမှာပေါ့ ဖေဖေ။

* * *

mgyoe.com

mgyoe.com


သမီးမျက်လုံးထဲမှာလေ ရထားကြီးတစ်စင်းဟာ တရွေ့ရွေ့ခုတ်မောင်းနေပြန်တယ် ဖေဖေ။

ဖေဖေဟာ ရထားပြတင်းဝက အပြင်ဘက် လှည့်ငေးကြည့်နေတယ်။ ဖေဖေကြည့်ရာမှာ နှင်းတွေကလည်း မှောင်လို့။ အရှေ့ဘက် တောင်တန်းပြာကြီးတွေဟာ အလင်းရောင် မှုန်ရေးရေးထဲမှာ ငြိမ်သက်နေတယ်။ သူတို့ မနက်စောစောမှာ အိပ်ရာက မနိုးကြသေးဘူး။ တောင်တန်းကြီးတွေဆီမှာတော့ ငြိမ်းချမ်းရေးဖွံ့ဖြိုးနေသလိုပဲ။ ခဏကြာတော့ အရုဏ်အလင်းရောင်ဟာ တောင်တန်းကြီးတွေအပေါ်မှာ သန်းလာနေတယ်။

ဖေဖေလည်း ပြန်မြင်နေမှာပေါ့။ မြင်တယ်မဟုတ်လား ဖေဖေ။ အနက်အမှောင်ထဲမှာ အနီရောင်ဟာ လင်းဖြာစလေ။ အပြာလဲ့လဲ့ မဟုတ်ပါဘူး ဖေဖေရဲ့။ အနီရောင်ရဲ့ ရှေ့ပြေးပန်းနုရောင်ပါ။ တောင်တန်းကြီးတွေဟာ လူးလွန့်လာနေသလိုပေါ့။ အိပ်ရာက နိုးစလေ။ ဖေဖေမြင်တယ်မဟုတ်လား။

ဖေဖေ့နံဘေးမှာ မေမေထိုင်လာတာ ငြိမ်ငြိမ်သက်သက်ကလေးပါ။ မေမေဟာ မျက်မှန်တပ်ထားတော့ ခဲ့လည်း ခဲ့ညားနေတယ်။

ဒီတုန်းက သမီးကို ဖေဖေတို့ မေမေတို့ဟာ ခွဲထားတယ်။ သမီးတောင်ကြားမြို့ကလေးမှာ ဒေါ်လေးအိမ်မှာ ရောက်နေတယ်။ ကျောင်းနေစလေ။ မောင်ထူးနဲ့အတူတူ ကျောင်းသွားလို့ပေါ့။ ငယ်ငယ်တုန်းကဆို မောင်ထူးက သိပ်ဆိုးတာဖေဖေ။ သမီးရတဲ့ မုန့်ဖိုးကို ချော့ပြီး တောင်းယူတယ်။ ပြီးတော့ သရေကွင်းကစားပစ်တယ်။

ဒါကြောင့် သမီးဟာ ဖေဖေတို့နဲ့အတူတူ ပါမလာဘူး။

ခဏကြာတော့ ဖေဖေတို့စီးလာတဲ့ ရထားကြီးဟာ ဘူတာရုံကြီးတစ်ခုရှေ့မှာ ထိုးဆိုက်ရပ်နားလိုက်တယ်။ လူတွေ အတက်အဆင်း ရှုပ်ထွေးသွားတယ်။ ဘူတာရုံရှေ့မှာ ဆူသံညံသံ၊ ခေါ်သံထူးသံတွေ နှုတ်ဆက်သံတွေ ညံနေတယ်။ ဖေဖေတို့စီးလာတဲ့ ရှေ့ဆုံးတွဲမှာတော့ လူနည်းနည်းပါးတယ်။ ဖေဖေတို့ နံဘေးနဲ့ ရှေ့က ခုံတွေမှာ လူမရှိဘူး။

ရထားဟာ အတော်ကြာကြာရပ်နေတယ်။ ရထားထွက်လုလုအချိန်မှာမှ မြင်းလှည်းတစ်စီး မောင်းပြေးလာတာ လှမ်းမြင်နေရတယ်။ မြင်း

mgyoe.com

mgyoe.com


လှည်းပေါ်က လူတွေ သုတ်သုတ်ခုန်ဆင်းလိုက်ပြီး ဖေဖေတို့တွဲပေါ်ကို ပြေးတက်လာကြတယ် ဖေဖေ။ သူတို့ဟာ သေတ္တာကြီးတွေကို ရေးကြီးသုတ်ပျာတင်နေကာ ဆူညံနေတာပဲ။ သူတို့ပစ္စည်းတွေတင်ပြီးရော နောက်ထပ်သံသရာတစ်ကွေ့ကို ဆက်ပြီးမောင်းနှင်လာသလိုပဲ။ ရထားကြီးဟာ နှင်းမှုန်မှုန်တွေကြားထဲက ထွက်ခွာလာတယ်။ ရှေ့ဘက်မှာလည်း နှင်းထုကြီးရှိနေလေရဲ့။

ဖေဖေတို့နံဘေးက ခုံအားတွေဆီ သူတို့ရောက်လာတယ်။ အဲဒီမှာ မီးရောင်လဲ့လဲ့ကလေးပဲရှိတယ်။

"ဒီခုံ အားပါသလားရှင်" လို့ မေးလိုက်သံကလေးကို ကြားရတယ်။ ဖေဖေဟာ တစ်ဖက်လှည့်နေရာက နောက်ပြန်မလှည့်သေးဘူး။ သူ့ရဲ့ အေးချိုနေတဲ့အသံကလေးကို ဘယ်အခါမှာပဲဖြစ်ဖြစ် ဖေဖေ မှတ်မိနေမှာပါပဲ။

မြစန္ဒာကလည်း ဖေဖေ့ကို မေးနေဖို့မလိုဘဲ မေးနေတဲ့မေးခွန်းဖြစ်တယ်ဆိုတာ ချက်ချင်းဖေဖေသိလိုက်တယ်။ ဖေဖေ ဟုတ်မဟုတ်ကို မြစန္ဒာသိချင်နေမှာပဲ ဖေဖေ။ ဒါကြောင့် ဖေဖေဟာ နောက်ပြန်လှည့်ကြည့်လိုက်တယ်။

ဒီအခိုက်မှာတော့ ဖေဖေရော သူရော နှစ်ပေါင်းများစွာ ကြာကြာအိပ်ပျော်နေရာက လန့်နိုးလာကြသလိုပဲ။

မြစန္ဒာရဲ့ မျက်နှာကလေးဟာ ပြုံးတော့မလိုလို မပြုံးဘဲနေတော့မလိုလိုပဲ ဖေဖေ။ ဖေဖေရဲ့မြစန္ဒာဟာ ရိုးရိုးကလေး ဝတ်ထားတယ်။ ဆံပင်ကို ရိုးရိုးကလေးထုံးထားတယ်။ ကြက်သွေးရောင် ကတ္တီပါတဘက်ကလေး ခြုံထားတယ်။ အသားအရေတော့ စစ်နေပြီ။ မျက်နှာကလေးက လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်က အတိုင်းပဲ နုနယ်နေတုန်း။ လန်းဆန်းနေတုန်းလေ၊ မျက်လုံးရွဲကြီးတွေဟာ တောက်ပနေတုန်းလေ။ "ဆယ့်နှစ်နှစ် ကြာသွားပြီ"လို့ ဖေဖေ့စိတ်ထဲမှာ သတိတရ ရေရွတ်နေတယ်။

ဒီတုန်းက ဖေဖေဟာ ငေးနေသလား၊ ပြုံးလိုက်သလား ဖေဖေ မှတ်မိမှာမဟုတ်ဘူး။

"မောင်ဘမင်း မဟုတ်လား အမောင်" လို့ မြစန္ဒာက ပြောနေတယ်။

mgyoe.com

mgyoe.com


သူဟာ ဖေဖေ့ရှေ့မှာ ရပ်နေတုန်းပဲ။ သူ့အရပ်ကလေးဟာ ဟိုတုန်းကလို ပုပုပျပ်ပျပ်ကလေးပဲ။ သူ့ပါးကလေးတွေဟာ နှင်းဆီသွေးကြွနေဆဲပဲ။ နှုတ်ခမ်းကလေးတွေဟာ ရွှန်းစိုနေဆဲပဲ။ ဘာမှမပြောင်းလဲသေးဘူး။ ဟိုတုန်းကလိုပါပဲလား မြစန္ဒာရယ်"လို့ ဖေဖေ့ စိတ်ထဲမှာ ပြောနေပြန်တယ်။

သူထိုင်လိုက်ပြီးမှ ဖေဖေဟာ သူတို့အကြောင်းတွေကို မေးနေမိတယ်။ သူ့နံဘေးမှာ ထိုင်နေတဲ့ သူ့မေမေဟာ ပြုံးနေပေမယ့် သူပုန်ကြီးဖေဖေကို ကြောက်နေသလိုပဲ။ မြစန္ဒာကတော့ သူ့ဖေဖေ ကွယ်လွန်သွားတဲ့အကြောင်း ပြောတယ်။

စကားပြောနေရင်း ဖေဖေနဲ့ သူနဲ့ မျက်လုံးချင်းဆုံမိကြတယ်။ မြစန္ဒာရဲ့မျက်လုံးထဲမှာ စကားတွေပြောနေကြလေရဲ့။ သူ့အပြုံးနောက်ကွယ်မှာ ဆွေးမြည့်စရာ အရိပ်ကလေးတွေ ဝေ့နေကြလေရဲ့။ ဖေဖေကလည်း ဝမ်းသာနေသလား၊ ကြည်နူးနေသလား စိတ်ထိခိုက်နေသလား။ ကိုယ့်ဘာသာ မဝေခွဲတတ်ဘူး။ မြစန္ဒာဟာ သူ့ဘယ်ဘက်လက်ကလေးကို ညာဘက်ပခုံးပေါ်လှမ်းကိုင်လိုက်တယ်။ ဖေဖေ့ရဲ့ လက်စွပ်အပြာကလေးကို ဆယ့်နှစ်နှစ်ကြာပြီးမှ ဖေဖေပြန်မြင်နေရတယ်မဟုတ်လား။

"အမောင် အိမ်ထောင်ကျနေပြီလား။ ကဗျာတွေကော ရေးနေတုန်းပဲလား" လို့ မြစန္ဒာက မေးနေတယ်ဖေဖေ။

ကဗျာတွေတဲ့ . . .

"ကဗျာမြေမှာ၊ သူသာသခင်၊ သခင်ဖုရား၊ အလှကားသူ။ ပိုင်သူ စိုးသူ မောင့်ချစ်သူလေ . . ."

ဖေဖေ့ရဲ့ ဟိုတုန်းက ကဗျာကလေးတွေကို ဖေဖေဟာ ဒီမနက်မှာ ပြန်သတိရလာတယ်။

မြစန္ဒာက မေမေ့ကို လှမ်းပြီး မသိမသာကြည့်နေတယ်။

"သူ . . .သူ . . . ကျွန်တော့်ဇနီးပါ" လို့ ဖေဖေက ဖြေလိုက်တယ်။

ဖေဖေက လက်ကို မေမေ့ပခုံးပေါ်တင်လိုက်တယ်။ မေမေလည်း ပြုံးနေတယ်။ မေမေ့အပြုံးပေါ်မှာတော့ မာနရိပ်ကလေးတွေ ဖြည်းဖြည်းညင်ညင် ပွင့်လန်းလာနေတယ်။

"ဘယ်သွားမှာလဲ"လို့ ဖေဖေကမေးတယ်။

mgyoe.com

mgyoe.com

မြစန္ဒာသွားမယ့် မြို့ကလေးရဲ့ဝန်းကျင်ဟာ ဖေဖေတို့ရဲ့ နယ်မြေလို့ ဖေဖေတို့သတ်မှတ်ထားတဲ့နေရာတွေလေ။ မြစန္ဒာဟာ အဲဒီနေရာတွေမှာ လှည့်လည်နေလိမ့်မယ်။ ဖေဖေဟာ စကားပြောနေဆဲမှာ လှုပ်ရှားနေတဲ့ မြစန္ဒာရဲ့ ချစ်စရာနှုတ်ခမ်းကလေးတွေကို မသိမသာ ငေးကြည့်နေတယ်။

"မြတို့မောင်နှမ ပြန်တွေ့တုန်း စကားတွေအားရအောင် ပြောချင်တယ်ကွယ်။ ပြောစရာတွေတော့ အများကြီးပဲ အမောင်ရေ့။ ဆယ့်နှစ်နှစ်ကွဲနေပြီးမှ ပြန်တွေ့ကြတာဆိုတော့ ပြောစရာစကားတွေ ကုန်အောင် ပြန်ပြောရရင် နောက်ထပ် ၁၂ နှစ်ကြာမှာပဲ ထင်တယ်"

မြစန္ဒာရဲ့ ရယ်လိုက်သံဟာ ဟိုတုန်းကလိုပဲ။ သူ့ခပ်ဟက်ဟက် ရယ်လိုက်သံဟာ အတိတ်ကာလကို ပြန်တူးဖော်နေသလိုပဲ။ တစ်ဖက်ခုံတွေမှာ ထိုင်နေတဲ့ မြစန္ဒာရဲ့အငြိမ့်သမလေးတွေဟာလည်း စကားဖောင်ဖွဲ့နေကြတယ်။ ဖေဖေ စာမေးပွဲသွားဖြေတုန်းက အခါလည်သာသာရှိမယ့် မြစန္ဒာရဲ့မောင်ကလေးဟာ ခုတော့ ကလေးလူရွှင်တော်ကလေး ဖြစ်နေပြီနော်။ သူ့ကို ဖေဖေမသိတော့ဘူး။

"အမောင့်မှာလည်း ပြောစရာတွေ ရှိမှာပေါ့နော်။ ဟိုတုန်းကလို ကဗျာတွေ ရေးနေတုန်းဆိုရင် မြဖတ်ချင်စမ်းတယ်"

နောက် ဘူတာရောက်တော့ ဖေဖေတို့ ဆင်းနေခဲ့ရတယ်မဟုတ်လား။

တောင်ခြေနားက ရပ်စခန်းဘူတာလေးတစ်ခုလေ ဖေဖေ။ အဲဒီမှာတော့ မိုးလည်း လင်းစပြုနေပါပြီ။ ဆွတ်ပျံ့ဖွယ်ရာ နှင်းမှုန်နှင်းစက်ကလေးတွေဟာ ထူထပ်စွာကျနေဆဲလေ ဖေဖေ။ ဖေဖေဟာ နှင်းစက်တွေအောက် အလင်းရောင်လဲ့လဲ့ထဲက လှမ်းပြီးနှုတ်ဆက်လိုက်တယ်။

ဒီတစ်ခါ နှုတ်ဆက်ရတာဟာ စိတ်ထိခိုက်နာကျင်စရာပဲ ဖေဖေ။

သံသရာတစ်ကွေ့ကို ဆက်ပြီးခုတ်မောင်းသွားနေသလိုပဲ။ ကြည့်နေရင်းမှာပဲ ရထားကြီးဟာ ထွက်ခွာသွားနေတာ နှင်းမှုန်တွေနဲ့ ရောထွေးသွားနေပြီ။ ရထားကြီးဟာ ဖေဖေ့နှလုံးသားထဲက မြစန္ဒာကို ဆွဲခေါ်သွားပြီး ဖေဖေနဲ့ဝေးရာကို သွားနေပြီ။

အဲဒီအခါကစပြီး ဖေဖေ့နှလုံးသားထဲက မြစန္ဒာဟာ ပြန်ပြီးလှုပ်ရှားနေပြီ။ မြစန္ဒာရဲ့ ကိုယ်ပွားအရိပ်တစ်ခုဟာ ဖေဖေ့နှလုံးသားပေါ်မှာ နေရစ်ခဲ့ပြန်ပြီ။

mgyoe.com

mgyoe.com

လသာတဲ့ ညတွေမှာ ဖေဖေဟာ အိပ်လို့မပျော်နိုင်တော့ဘူး။ မေမေနဲ့ ယှဉ်အိပ်နေရင်း ဖေဖေ့စိတ်အာရုံတွေဟာ ကောင်းကင်အနှံ့ တိမ်အနှံ့ မြေပြင်အနှံ့ သွားနေလေရဲ့။

ဒီတုန်းက ဖေဖေနဲ့ မေမေဟာလည်း အယူအဆရေး သဘောထားကွဲလွဲနေရာမှ တစ်ဦးနဲ့တစ်ဦး ဘက်ချင်းကွဲနေကြပြီ။ ပဋိပက္ခတွေ စတင်နေကြပြီ။ ပဋိပက္ခတွေဟာ အိမ်ထောင်ရေးနယ်ထဲကို ကျူးကျော်လာနေပြီ။

ဖေဖေ့အပေါ်မှာ သူတို့ သံသယဝင်စပြုနေပြီ။ စွမ်းစွမ်းတမံ တိုက်ခိုက်ရေးသမားကြီး ဖေဖေရဲ့ အခန်းကဏ္ဍဟာ မှေးမှိန်စပြုနေပြီ။ ဖေဖေ့ကို မလွှဲမရှောင်သာ အသေးဆုံးတာဝန်ကလေးတွေလောက်ပဲ ပေးအပ်တော့တယ်။ ဒါတောင် ဖေဖေဟာ ရဲရဲတင်းတင်း မလုပ်ဝံ့တော့တဲ့ အခြေအနေလေ။

အဲဒီရက်တွေအတွင်းမှာ ဖေဖေတို့ရဲ့နယ်မြေပေါ်မှာ မြစန္ဒာရဲ့အငြိမ့်တေးသံတွေ ပျံ့လွင့်နေလျက်ပေါ့ . . . ။

ဖေဖေဟာ မြစန္ဒာရဲ့ အငြိမ့်တေးသံတွေကို အန္တရာယ်တစ်ခုကို ရှောင်နေရသလို လွတ်အောင် ရှောင်ကွင်းနေရတာ ဖေဖေရဲ့ကိုယ်ကျင့်သိက္ခာ ဂုဏ်သိက္ခာကိုတော့ သံမဏိ စိတ်ဓာတ်နဲ့ထိန်းသိမ်းထားရမှာပဲ။

တစ်ခါတစ်ရံတော့ ဒီလိုရှောင်ကွင်းနေရတာကို ဖေဖေ စိတ်ထိခိုက်နေမိတယ်။

ဒီတုန်းက ထိခိုက်နာကျင် ကြေကွဲဆွေးမြည့်စိတ်တွေနဲ့ ဖေဖေဟာ ကဗျာလေးတွေ ပြန်ရေးမိနေတယ်။ ကဗျာကလေးတွေ ရေးပြီးရင် ချက်ချင်းပဲ မီးရှို့ဖျက်ဆီးလိုက်တယ်။ "မောင့်ကဗျာ့ကလေးတွေကို မောင့်နှလုံးသားပေါ်မှာ ဝှက်ထားတာဟာ အလုံအခြုံဆုံးပေါ့ မြစန္ဒာ"လို့ ဖေဖေ့စိတ်နှလုံးသားထဲမှာ ကြွေးကြော်ထားလိုက်တယ်။

ဒီအခါမှာ ဖေဖေမသိတဲ့ စိတ္တဇဟာ ဖေဖေ့အာရုံစိတ်ထဲမှာ စိမ့်ဝင်လာနေပြီ။ ဖေဖေရဲ့ လူ့ဘဝအမြင်တရားဟာ တိမ်းစဖယ်စ ပြုလာနေပြီ။

"ဘဝဆိုတာ အချစ်ညပါ" ဆိုတဲ့ အမြင်ဟာ မှေးမှိန်စ ပြုနေပြီ။

တက်ကြွမှု၊ ထက်သန်မှု၊ ဘဝတပ်မက်မှု အများစုကြီးအတွက် ဘဝကို ပေးလှူထားလိုစိတ်တွေဟာ ကစဉ့်ကရဲပြုစ ကြိုးပြေကျစပြုနေပြီ။ ဖေဖေ့

mgyoe.com

mgyoe.com

ဦးနှောက်တွေတောင်မှ ပြောင်းစပြုနေပြီ။

"ဘဝဆိုတာ မှောင်မိုက်ည" လို့ ဖေဖေ့နှလုံးသားက ကြွေးကြော်စပြုလာနေပြီ။

ဒီတုန်းက ဖေဖေဟာ စိတ္တဇပန်းချီတွေကို အာရုံစိုက်နေပြီ။ အာရုံခံစားမှုကို အနက်အရှိုင်းဆုံးအထိ လွှင့်ပေါက်လိုက်ပေါ့။ ဘယ်သူတွေ နားလည်လည် မလည်လည်ပေါ့။

ဖေဖေ့ ပန်းချီကားတွေဟာ အရောင်ညစ်မှိုင်းမှိုင်းကြီးတွေနဲ့ ဒီထဲက တချို့ပန်းချီကားတွေကို လက်ရာမြောက်လှတယ်လို့ ပန်းချီသမားတွေ ချီးကျူးတာ သမီးကြားရဖူးတယ် ဖေဖေ။ ဟုတ်တယ် ဖေဖေ။ ဖေဖေ ဘာတွေရေးထားတယ်ဆိုတာတော့ သမီးလည်း နားမလည်ဘူး။ ဒါပေမဲ့ အဲဒီပန်းချီကားတွေကြည့်ရင်း စိတ်ထဲမှာ လှုပ်ရှားနေမိတာတော့ အမှန်ပဲ။ စုတ်ချက်တွေဟာ နှလုံးသားဝိညာဉ်တွေကို လိုက်လံရှာဖွေစစ်ဆေးနေသလိုပဲ။ မေတ္တာတရားဆိုတာ ဘယ်မှာလဲ။ မေတ္တာတရားဟာ ခြေရာပျောက်နေတယ်။ စုတ်ချက်တွေဟာ မေတ္တာတရားကို အတောမသတ် ငတ်ငတ်မွတ်မွတ်နဲ့ လိုက်ရှာဖွေ မွှေနှောက်နေရင်းနေရင်းနဲ့ အားအင်ကုန်ခန်းလာနေသလိုပဲ။ မှိုတွယ်ရာမဲ့လာနေသလိုပဲ။ ခိုကိုးရာ မရနိုင်တော့သလိုပဲ။

နောက်ပိုင်းရောက်လာတဲ့ ရက်တွေမှာတော့ ဖေဖေဟာ မြစ်နန္ဒာရှိတဲ့ နေရာတွေကို ရှောင်ကွင်းမသွားချင်တော့ဘူးမဟုတ်လား။

တစ်ခါတစ်ရံ ဖေဖေရဲ့မသိစိတ်ဟာ မြစ်နန္ဒာကနေတဲ့ နေရာတွေနားကိုပဲ တမင်ရွေးချယ်သွားချင်နေပြီ။ သူရှိတယ်လို့ သိနေတဲ့နေရာနဲ့ မနီးမဝေးကဖြတ်သွားရရင် ဖေဖေ့ရင်တွေဟာ နွေးထွေးလာနေတတ်တယ် မဟုတ်လား။ ဒီအခါမှာ သေဆုံးစအရာတစ်ခုဟာ ပြန်ပြီးအသက်ဝင်လှုပ်ရှားလာနေသလိုပဲ။ "သူ ဒီမှာ ရှိတယ်" လို့ ဖေဖေ့နှလုံးသားဟာ မြည်တမ်းနေတတ်တယ်။အဲဒီအနားမှာ ဖြတ်သွားနေတုန်း ဖေဖေစီးလာတဲ့ မြင်းဟာလည်း နှေးသွားတတ်တယ်။ ဖေဖေ့ရဲဘော်ကလေးတွေဟာ ဖေဖေ့ကို လွန်သွားပြီးမှ မြင်းကို ဖြည်းဖြည်းစီးသွားကြတယ်။

ဒီလိုနဲ့ ဆောင်းရက်တွေဟာ ကုန်ခန်းသွားတယ်။

နွေရက်တွေဟာလည်း သစ်ရွက်ကလေးတွေလို ကြွေနေတယ်။

mgyoe.com

မိုးရိပ်မိုးငွေ့တွေဟာ တောင်ခြေတစ်ဝိုက်မှာ သန်းလာနေတယ်။

ဒီရက်တွေအတွင်းမှာ မြစန္ဒာပြန်တော့မယ်ဆိုတာ ဖေဖေသိလာနေတယ်။ မိုးဆိုရင် သူတို့ခရီးစဉ် နားကြတော့မယ်လေ။ ဒီလိုဆိုရင် နောက်တစ်ခါပြန်တွေ့ဖို့ ဆယ့်နှစ်နှစ်ကြာမလားပဲ။ ဒီရက်တွေထဲမှာ ဖေဖေတို့ရဲ့ အခြေအနေတွေဟာလည်း ဆိုးလာနေပြီ။ တိုက်ပွဲတွေဟာ ပိုပြင်းလာတော့မယ်။ နောက်တစ်ကြိမ် မြစန္ဒာနဲ့ ပြန်တွေ့ဖို့ဆိုတာလည်း မလွယ်တော့ဘူး။

နောက်ဆုံးမြစန္ဒာရဲ့ နောက်ဆုံးည ကပွဲကနေတဲ့ မိုးကောင်းရွာကြီးဘက်ကို ဖေဖေဟာသွားဖို့ ဆုံးဖြတ်လိုက်တယ်။ သူနဲ့တွေ့ဖို့တော့ မဟုတ်ဘူး။ သူရှိတဲ့နေရာကို အဝေးကလှမ်းကြည့်နေဖို့ပဲ။ ဒါလောက်ကလေးကိုတော့ လူသားတစ်ဦးအနေနဲ့ ကိုယ့်နှလုံးသားကို ခွင့်ပေးလိုက်ရမယ်။ နှလုံးသားကို ဦးနှောက်အကျဉ်းတိုက်ထဲက ခဏကလေးဖြစ်ဖြစ် ဖြေလွှတ်ပေးထားသင့်တယ်မဟုတ်လား။

အဲဒီညနေမှာ ဖေဖေဟာ မိုးကောင်းတောင်မကြီး အနားက ဒုတိယပုပ္ပားတောင်ကလပ် ထိပ်ပေါ်မှာ ရောက်နေတယ်။ တောင်ကလပ်ထိပ်မှာ မိုးမှုန်ကလေးတွေဟာ တောင်ခိုးတွေနဲ့ ရောထွေးပြီး အုံ့ပျနေတယ်။ စေတီက ဆည်းလည်းသံဟာ ဂီတသံလိုပဲ။ ကောင်းကင်လေဟာ မရပ်မနားတိုက်ခတ်နေတယ်။ တောပန်းရနံ့တွေဟာ မိုးကောင်းတောင်မကြီးဘက်က လေထဲမှာမျှောပါလာနေတယ်။ “စိတ်ကူးယဉ်သမား” လို့ မေမေစွဲချက်တင်ထားတဲ့ ဖေဖေဟာ တောင်ကြားထဲက မြစန္ဒာရှိတဲ့ရွာကြီးကို ကြည့်ရင်း ငေးနေတယ်မဟုတ်လား။ ညနေဆည်းဆာရဲ့ နေဟာ တောင်မကြီးရဲ့တစ်ဖက်ကို လျှောဆင်းနေပြီဖေဖေ။ အတော်ကြာရင် နေလည်း မြူတွေအောက်မှာ မြုပ်ကွယ်သွားတော့မယ်။

အဲဒီညနေမှာမှ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖေဖေရယ်၊ မြစန္ဒာနဲ့ သူ့တပည့်အငြိမ့်သမလေး နှစ်ယောက်ဟာ ဗမာပြည်ရဲ့ ဒုတိယပုပ္ပားလို့ နာမည်ကြီးနေတဲ့ ဖေဖေရပ်နေရာနေရာကို ရောက်ဖူးအောင်လာနေကြတယ်။ မြစန္ဒာဟာ ဘယ်မှာကက ရောက်ရာအရပ်က ဘုရားကိုတော့ အရင်ဦးနှင့်အောင် ဝင်ဖူးတတ်တယ်။ ဒါပေမဲ့ သူဘုရားဖူးလေ့ရှိတာဟာ မနက်ပိုင်းပါ။ ခုညနေပိုင်းမှာ သူလာနေတာဟာ ကံကြမ္မာတစ်ခုက

mgyoe.com

mgyoe.com

လွှတ်လိုက်သလို ကံကြမ္မာဆိုးတစ်ခုကို သူ သယ်ပိုးယူလာနေသလိုပဲ။

သူ့ကို အဝေးကြီးမှာလာနေတာ မြင်ရကတည်းက သူမှန်း ဖေဖေဟာ သိနေတယ်။ သူဟာ ဖေဖေရပ်နေတာနဲ့ အဝေးကြီးပါ။ သူ့ကိုမြင်နေရတာ ဟာ လက်မ၊ လက်ညှိုးလောက် အရုပ်ကလေးလောက်ပါ။ ဒါလောက် ဝေးဝေးက သူ့ကိုမှတ်မိနေတာဟာ သူနဲ့ ပတ်သက်ရင် ဘယ်လောက် အသေးစိတ်ကလေးတွေကို ဖေဖေမှတ်မိနေသလဲ။

ပထမတော့ ဖေဖေဟာ သူ့ကိုရှောင်ရှားသွားဖို့ စိတ်ကူးလိုက်သေးတယ် မဟုတ်လား။ ဒါပေမဲ့ ချက်ချင်းပဲ ဒီလိုလုပ်တာဟာ ဖေဖေ့နှလုံးသားကို ဖေဖေပြန်သတ်လိုက်တဲ့ ရာဇဝတ်မှုကြီးလို ခံစားလာရတယ်။ ရင်ထဲမှာ နာကျင်လာနေတယ်။ ဖေဖေဟာ ကလေးလေးလို ငိုပစ်လိုက်ချင်လာ တယ်။ သူ့ကို အဝေးကငေးပြီး ကြည့်နေမိတယ်။

သူတောင်ကလပ်ကုန်းခြေ ရောက်လာနေပြီ ဖေဖေ။ သူ တောင်ခါး ပန်းလှေကားထစ်တွေအတိုင်း တက်လာနေပြီဖေဖေ။ သူတောင်ခါးလယ် ရောက်လာနေပြီ ဖေဖေ။ သူ့ကိုယ်ကလေးယိုင်သွားလို့ သူ့တပည့်မကလေး နှစ်ယောက်က ထိန်းပေးထားပြီ။ သူရယ်လိုက်ပြီ ဖေဖေ။ သူ့ တောင်ခု လပ်က ရယ်လိုက်သံကလေးဟာ တောင်ထိပ်ပေါ်ကို သူ့ရှေ့ကပြေးတက် လာနေနှင့်ပြီ။ သူ့ချိုမြတဲ့ရယ်သံဟာ ဖေဖေ့ရင်ခွင်ကို ရောက်လာပြီး တိုး ဝှေ့တဲ့အခါမှာ ခပ်သဲ့သဲ့ကလေးပဲ ဖေဖေ။

ဖေဖေလည်း သူ့ကိုငေးကြည့်နေရင်း ပျော်လာသလိုလိုနေမှာပါ။

ဖေဖေနဲ့ သူနဲ့ကြားမှာ အဟန့်အတားဆိုတာ မရှိတော့သလိုလိုပဲ။ ဖေဖေ ထိန်းသိမ်းလာခဲ့တဲ့ သိက္ခာဆိုတာကြီးတွေဟာ နပျိုလန်းဆန်းနေတဲ့ ဖေဖေ့ကိုယ်ပေါ်က ထွက်ပြေးသွားနေကြပြီ။ ဖေဖေဟာ ဟိုတုန်းကလို ကျောင်းသားကလေး မောင်ဘမင်းအဖြစ် ရိပ်ခနဲပြောင်းလဲသွားနေပြီ။

ဖေဖေဟာ သူ့ကိုကြိုဖို့ ခပ်သွက်သွက်ဆင်းသွားတယ်။

သူက မော့ကြည့်နေတယ်ဖေဖေ။

သူကလည်း ဖေဖေ့ကို အဝေးကြီးကတည်းက လှမ်းမြင်ပြီး ဖေဖေမှန်း သိနေသလိုပါပဲ။ သူရပ်နေတယ်။ သူ့နံဘေးက သူ့တပည့်မလေး နှစ်ယောက် လည်း ရပ်နေတယ်။ သူရပ်နေတာ ခါးထောက်လို့ပဲဖေဖေ။ သူဟာ ဆည်း

mgyoe.com

mgyoe.com

ဆာနေခြည်အောက်မှာ တောင်ခိုးတွေအောက်မှာ ဖေဖေ့ကို ပြုံးနေသလိုပဲ လှနေတယ်။ ဖေဖေ့ကို လှမ်းငေးကြည့်နေတယ်။

သူမပြုံးပါဘူး။ ဖေဖေလည်း မပြုံးပါဘူး။

ဖေဖေ သူ့ရှေ့မှာရပ်လိုက်တယ်။

"အမောင်" လို့ သူက ခပ်တိုးတိုးခေါ်နေတယ် ဖေဖေ။

ဒါပေမဲ့ ဘာမှဆက်မပြောဘူး။ ဖေဖေလည်း ဘာမှ မပြောဘူး။

ဒီလိုနဲ့ လေးယောက်သား တောင်ခိုးတွေကိုဖြတ်ပြီး တောင်ကုန်းထိပ်ကို တက်လာနေကြတယ်။

ကုန်းထိပ်က စေတီရှေ့ကျတော့ သူတို့သုံးယောက်ဟာ ဘုရားကို ဝတ်ပြုကြည်ညိုနေကြတယ်။

ဖေဖေကတော့ သူ့နံဘေးမှာ ကျောက်ရုပ်တစ်ခုလို ရပ်နေတယ်။

ဒီတုန်းက ဖေဖေ့ရင်ထဲမှာ သူနဲ့အတူတူ ဘုရားရှိခိုးချင်လိုက်တာ၊ ဘာသာတရားရှိချင်လိုက်တာ၊ ယုံကြည်စိတ် ရှိချင်လိုက်တာ။

မြစန္ဒာဟာ ဘုရားရှိခိုးနေရင်း ဖေဖေ့ကို မသိမသာဝေ့ကြည့်တယ်။ ဖေဖေရပ်နေတာ အကြာကြီးပဲ။

"အမောင် ဘုရားရှိခိုးလိုက်ပါ" လို့ သူကပြောနေတယ်။

သူ့မျက်လုံးရွဲကြီးတွေပေါ်မှာ မျက်ရည်တွေ ပြည့်နေတယ်။ သူ့မျက်နှာကလေးဟာ ငိုလိုက်တော့မယ့်အတိုင်းပဲ ဖေဖေ။ "တို့ဟာ ဘဝခြားနေကြပါကလား" လို့ သူ့စိတ်ထဲ ပြောနေတယ်။ မျက်ရည်တွေဖြစ်လာပြီး မျက်လုံးရွဲကြီးတွေပေါ်မှာ ပြည့်လာသလိုပဲ။

ခဏနေတော့ သူထရပ်လိုက်တယ်။ ဖေဖေ့ကို မကြည့်ဘူး ငိုတော့မယ်။

"မြကို ကျွန်တော်ပြောစရာတွေရှိလို့ လာစောင့်နေတာ" လို့ ဖေဖေက ပြောတယ်မဟုတ်လား။ ဘာပြောချင်တာလဲတော့ ဖေဖေကိုယ်တိုင်လည်း မသိသေးဘူး။

ဖေဖေနဲ့ သူနဲ့နှစ်ယောက်တည်း ဖေဖေ အစောကရပ်နေတဲ့ ချောက်ကမ်းပါးကြီးထိပ်ကို လျှောက်လာကြတယ်။ ဟိုဘက်မှာတော့ တောင်မကြီးလေ။ အဲဒီနေရာမှာ ရပ်လိုက်ကြတယ်။

mgyoe.com

ချောက်ရဲ့ အောက်ခြေကို မမြင်ရဘူး။ တောင်ကလပ်ရဲ့ခါးလယ်က ပေါက်ထွက်ပြီး ချောက်ထဲကို ခုန်ဆင်းသွားနေတဲ့ စမ်းပေါက်ကလေးဟာ တောင်ခိုးတွေကြားထဲမှာ တစ်ပိုင်းပျောက်ကွယ်နေတယ်။ တစ်ဖက် တောင်မကြီးဆီက တောပန်းရနံ့တွေလည်း သင်းပျံ့လို့ပေါ့။ ဖေဖေတို့ဟာ မြူခိုးတွေထဲမှာ မြစန္ဒာရဲ့ပခုံးပေါ်က ပဝါစဟာ လေထဲ၊ မြူထဲမှာ လွင့်လို့ပေါ့။ တစ်ခါတစ်ရံ မြူခိုးတွေဆိုင်းလာရင် စေတီနဲ့ဇရပ်တွေကို မမြင်ရတော့ဘူး။ အားလုံးကမ္ဘာခြားနေကြသလိုပဲ။

ဖေဖေ "အတိတ်တွေဟာ ပစ္စုပ္ပန်နဲ့ ကွင်းဆက်ပြတ်နေရင် ဘယ်လောက်ကောင်းမလဲ"လို့ ဖေဖေတွေးနေတယ် မဟုတ်လား။

လက်ရှိဘဝနဲ့ ဆက်စပ်နေသမျှ ကွင်းဆက်မှန်သမျှ သူ့ဘာသာသူပြတ်နေရင်လေ။

ခဏမှာ ဖေဖေ့စိတ်ဟာ ချစ်စိတ်ကြောင့် ဒဏ်ရာအနာတရ ဖြစ်နေပြန်ပြီ။ "လူ့ဘဝဟာ အမှောင်ည"လို့ ဖေဖေတွေးနေပြန်ပြီ။

"တစ်လမ်းပဲရှိတယ်။ ဒီ စိတ်မချမ်းသာစရာတွေက လွတ်မြောက်ဖို့ တစ်လမ်းပဲရှိတယ်" နဲ့ ဖေဖေတွေးနေပြန်ပြီ။

"မြတော့ အငြိမ့်ကနေရတာ ပျော်မှာပဲနော်။ အနုပညာစိတ်နဲ့ကိုး" လို့ ဖေဖေက မေးနေတယ်။

မြစန္ဒာဟာ ဖေဖေ့ကို တွေတွေကြီး မော့ကြည့်နေတယ်။ သူ့မျက်လုံးထဲမှာ မျက်ရည်တွေပြည့်လာနေတယ်။

"ဟိုတုန်းကတော့ ပျော်တာပေါ့" လို့ပြောတယ်။ ငယ်ငယ်တုန်းကလေ ကချင်စိတ်နဲ့ တက်ကြွနေတုန်းကလေ။ ခုတော့ သူဟာ စက်ရုပ်ကလေး တစ်ရုပ်သံပတ်ပေးလို့ လှုပ်ရှားနေသလို က နေရပါတယ်တဲ့။ အငြိမ့်သမ ဖြစ်လို့ လူတွေက မိန်းမပျက်လောက်ထင်နေကြတာကို အမြဲတမ်း အသည်းဆတ်ဆတ်တုန်အောင် နာကြည်းနေရပါတယ်။ ဒါပေမဲ့ အနှစ်နှစ်က ရှာဖွေလာတဲ့ ဒီပညာပဲတတ်တော့ သူ့မိသားစုဝမ်းရေးကို ဒီပညာနဲ့ပဲ ဖြေရှင်းနေရတယ်တဲ့"ဖေဖေ။

သူ့စကားသံဟာ ကြေကွဲစရာပဲ။

ဖေဖေဟာ မရည်ရွယ်ဘဲနဲ့ သူ့ပခုံးပေါ် လက်ကိုတင်ထားတယ်။ သူ

mgyoe.com

mgyoe.com


ဟာ မရုန်းမဖယ်ဘဲ ငြိမ်နေတယ်။ ဒါပေမဲ့ တရှိုက်ရှိုက် ငိုစပြုနေတယ်။ နှလုံးသားပေါ်က ပေါ်လာနေတဲ့ ရှိုက်သံ ဖေဖေ။ ရှိုက်သံဟာ တိမ်ယံကြားထဲကို အဆုံးအစမရှိ လွင့်ပါးသွားလိမ့်မယ်။ မြေပထဝီရဲ့ ဗဟိုချက်မကျအောင် စိမ့်ဝင်သွားနေလိမ့်မယ်။

"မြရယ် ကျွန်တော်တို့ စိတ်တွေထဲမှာ ပြောနေကြတာတွေ ကျွန်တော်တို့ နှစ်ယောက်စလုံးကြားနေကြတာပဲ။ ကျွန်တော်လေ ဘာမှ မပြောချင်တော့ဘူး။ ချစ်တယ်ဆိုတာ ပြောမနေချင်တော့ဘူး။ မြက ကျွန်တော့်ကို ချစ်တယ်ဆိုတာလည်း အထူးအဆန်းလုပ်ပြီး ကြားမနေချင်တော့ဘူး။ ကျွန်တော် မြကိုချစ်လွန်းလို့ သဝန်တိုလို့ ဒီလိုကွဲကွာသွားရတာကိုလည်း ပြန်ပြောမနေချင်ဘူး။ ကျွန်တော်တို့ နှစ်ယောက်စလုံး ဆယ့်နှစ်နှစ်တိတိ ကွဲနေကြတယ်။ အဝေးကြီးမှာနေပြီး စိတ်သောကတွေ ရောက်နေကြတယ်။ ကျွန်တော်လည်း သေနတ်တွေပစ်ရင်း မြလည်း သီချင်းတွေဆိုရင်းပေါ့။ ခုလိုလည်း ပြန်မတွေ့ချင်ဘူး။ ကျွန်တော် လေးငါးလ ရှောင်နေတယ်။ ဒါပေမဲ့ မတွေ့ဘဲလည်း မနေနိုင်ဘူး။ တွေ့တော့လည်း စိတ်ထိခိုက်နေရတာပဲ။ ကျွန်တော် မြကို ဘယ်လောက်ချစ်ချစ် ခင်ခင့်ကို ကွာရှင်းဖို့ဆိုတာလည်း မလုပ်နိုင်ဘူး။ ကွာရှင်းမှာကို မြကလည်း လိုလားမှာ မဟုတ်ဘူး။ မြရဲ့ဂုဏ်သိက္ခာ ကျွန်တော့်ဂုဏ်သိက္ခာကို အထိခိုက်ခံနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်ဟာလည်း မြလိုပဲ ပြည်သူတွေအတွက်လူပဲမဟုတ်လား။

"ဟိုမှာကြည့်စမ်း မြရယ်၊ ချောက်ကြီးတွေအောက်ကို မမြင်ရဘူး။ ကျွန်တော် မြနဲ့ လက်တွဲပြီး ခုန်ချပစ်လိုက်ချင်တယ်။ ကျွန်တော်တော့ လူ့ဘဝမှာ ထွက်ပေါက်မရှိတော့သလိုပဲ။ အလှောင်ခံထားရသလိုပဲ။ ကျွန်တော် ရူးနေသလား မြရယ်။ ကျွန်တော် ရူးရင်ရူးနေမယ်။ ကျွန်တော် တကယ်ပြောနေတာပါ။ မြကို လက်တွဲပြီး ခုန်ချလိုက်ရရင် ကြည်နူးစရာပဲနော်။ ကျွန်တော်နဲ့မြဟာ ဘယ်လောက်ချစ်ကြသလဲ။ ခင်ခင်က ကျွန်တော့်ကို စိတ်ကူးယဉ်သမားတဲ့။ သူဟာ ဘယ်တော့မှ မေတ္တာတရားကို နားလည်မှာလည်း မဟုတ်ဘူး"

ဝင်လုလုနေဝန်းကြီးဟာ မြူခိုးတွေကြားထဲမှာ ငိုထားသလိုပဲ။ နီညို့ညို့ကြီးဖေဖေ။ အမှောင်ရိပ်တွေလည်း အရာဝတ္ထုတိုင်းပေါ်မှာ ဆိုင်းလာ

mgyoe.com

mgyoe.com

နေပြီ။ လူ့နှလုံးသားတွေပေါ်မှာလည်း ဆိုင်းတွဲ့နေသလိုပဲ။ မြစန္ဒာဟာ ဖေဖေ့လက်ကို သူ့ပါးနဲ့ကပ်ထားတယ်။ သူ မငိုတော့ဘူး။ သူငေးတွေနေတယ်ဖေဖေ။ သူလည်း ဖေဖေနဲ့အတူ ခုန်ချဖို့ စဉ်းစားနေသလိုပဲ။ ကြောက်စိတ်မရှိတော့သလိုပဲ။

အကြာကြီးပဲ။ အမှောင်ရိပ် အဝိဇ္ဇာတွေ ပိုပြီးလွှမ်းလာအောင် ငြိမ်သက်နေတယ်။

နောက်တော့ သူဟာ သူ့ကိုယ်ကလေးကို ဖေဖေ့အပေါ်မှီလိုက်တယ်။ သူ့အသားတွေဟာ တဆတ်ဆတ်တုန်နေတယ်။ သူဟာ ဖေဖေ့ရင်ခွင်ထဲက မော့ပြီး ဖေဖေ့မျက်နှာကို ကြည့်နေတယ်။

"ဟုတ်ပါတယ် မောင်ရယ်၊ မြလေ ဘယ်တော့မှ မောင့်ကို မမေ့နိုင်ဘူး။ ညတိုင်း မောင့်ကို သတိရနေတာပဲ။ မောင် မိန်းမယူပြီလို့ကြားတော့ မြကိုယ်မြ သတ်သေလိုက်မလို့ ကြံသေးတယ်။ မောင့်ကို မြချစ်တယ်"

သူဟာ မျက်လုံးတွေကို မှိတ်လိုက်တယ်။ အသားတွေ ပိုပြီးတုန်ယင်လာနေတယ်။ တခိုက်ခိုက်တုန်နေတယ်။

"ချစ်တယ် မြသေရဲတယ်။ မောင်နဲ့အတူဆိုရင် သေရဲတယ်။ ကဲ. . . မြကို ပွေ့ပြီး ခုန်ချလိုက်တော့ မောင်" လို့ပြောနေတယ်။ သူ့မျက်နှာကလေးဟာ အလင်းတစ်ဝက်တစ်ပျက်အောက်မှာ သွေးဆုတ်ဖြူရော်နေပြီဖေဖေ။

"သနားစရာလေးပါလား" လို့ ဖေဖေ တွေးလာမိတယ်။ ဖေဖေဟာ ဖေဖေ့နှလုံးသားထဲကို ဆွဲသွင်းလိုက်သလို သူ့ကိုပွေ့ပြီး ဖျစ်ညစ်ထားတယ်။ ညားစ ဇနီးကလေးလိုပဲ သူ့ပါးကို အထပ်ထပ် အထပ်ထပ် သတိလက်လွတ် နမ်းနေတယ်။ သူ့ပါးပေါ်မှာတော့ မျက်ရည်တွေဟာ ပူနွေးနေတယ်။

"မောင်လေ မြကိုချစ်တယ်။ မြကို သနားလာတယ်။ ဒီနေရာက သွားကြစို့မြရယ်၊ ခုတော့ ကျွန်တော်မသေချင်တော့ပြန်ဘူး။ သေလိုက်ရင် ကျွန်တော်တို့ ဆုံးရှုံးကုန်မယ်။ ကျွန်တော့်ကို တကယ်ပဲ ချစ်နေတာသိလာလို့ပါ။ မြရယ် . . .မြနဲ့ မောင် တစ်ပြည်စီနေရတာလည်း အရေးမကြီးဘူး။ မြ ဘယ်ရင်ခွင်ထဲမှာနေနေ မောင့်ကို သတိရနေမှာ။ အဲဒါကို

mgyoe.com

mgyoe.com

မောင်သိနေမယ်။ မောင်တစ်သက်လုံး ကြည်နူးသွားမယ်”
ဖေဖေ့အသံဟာ ကြည်လင်နေတယ်။ ချိုမြနေတယ်။
အဲဒီနေ့က ခွဲခွာလာတာ နောက်ထပ်နှစ်ပေါင်းများစွာအတွက် နှုတ်ဆက်ခဲ့သလိုပဲ။ ဖေဖေကတော့ နောက်ထပ်တစ်ခါ သူ့ကို မြင်ခွင့်ရသေးတယ်။ သူကတော့ သူ့တစ်သက်မှာ နောက်ထပ်ဘယ်တော့မှ ဖေဖေ့ကို တွေ့ခွင့်မြင်ခွင့်ရတော့မှာ မဟုတ်ဘူး။
နှစ်တွေများစွာ ကုန်ကျွမ်းနေတာဟာ အကြောင်းမဟုတ်ပါဘူး ဖေဖေ။ မေတ္တာတရားဆိုတာ အိုစာတတ်တာမှ မဟုတ်ဘဲ။ အစဉ်နုပျိုနေမှာ။ အဲဒီနောက် မကြာခင်ပဲ ဖေဖေ့ကို ပါတီက ထုတ်ပယ်လိုက်တယ် မဟုတ်လား။ မေမေကိုယ်တိုင် ဖေဖေ့ကိုယိမ်းယိုင်တွေဝေသူလို့ စွပ်စွဲပြီး ပါတီကထုတ်ပယ်လိုက်ဖို့ တောင်းဆိုလိုက်တယ်။
မေမေဟာ ပြတ်သားတယ်။ သံမဏိလိုမာတယ်။
အဲဒီတုန်းက မေမေက ဖေဖေ့ကို စွဲချက်မတင်မီမှာ ဖေဖေတို့အိမ်ထောင်သက်တမ်းရဲ့ တတိယအကြိမ်မြောက် “မောင်” လို့ ဖေဖေ့ကို ခေါ်ခဲ့တယ်။
ဒါဟာ သုံးကြိမ်မြောက်နဲ့ နောက်ဆုံးခေါ်ခြင်းပါပဲ ဖေဖေ။
“မောင့်ကို ချစ်ပါတယ်။ မိန်းမတစ်ယောက် အချစ်နိုင်ဆုံးအဆင့်အထိ ချစ်ပါတယ်။ ဒါပေမဲ့ ပြည်သူကို ချစ်တယ်မောင်”
မေမေ့စကားတွေကို ဖေဖေဟာ နှစ်ပေါင်းများစွာကြာအောင် မေ့မှာ မဟုတ်ဘူး။
မေမေ့စွဲချက်တွေကို ဖေဖေဟာ ပြန်လှန်ပြီး တိုက်စစ်ဆင်ချင်စိတ်လည်းမရှိတော့ဘူး။ ဒါနဲ့ ဖေဖေဟာ တောထဲက ထွက်ခွာလာခဲ့တယ်။
သမီးရှိနေတဲ့ တောင်ကြားမြို့ကလေးရောက်လာတော့ ဖေဖေဟာ မေမေ့ညီမ ခွဲဝေပေးတဲ့အမွေကို လက်ခံပြီး နှင်းဆီနဲ့စံပယ်ခြံတွေစိုက်ပျိုးနေတယ်။
ဖေဖေနဲ့ မေမေဟာ ကွာရှင်းလာကြတာလည်း မဟုတ်ဘူး။ ဖေဖေကလည်း ကွာရှင်းဖို့ ဘယ်တော့မှ တောင်းဆိုမယ့်လူမဟုတ်ဘူး။
ဖေဖေဟာ မြစန္ဒာကို မေ့ဖို့ကြိုးပမ်းနေသလို အလုပ်တွေဖိလုပ်နေတယ်။ အားလပ်ချိန်ကလေးတွေမှာ ပန်းချီရေးနေတယ်။ စာတွေမပြတ်
mgyoe.com

mgyoe.com

ဖတ်နေတယ်။ မြစန္ဒာကို တစ်နေ့တစ်ရက်မှ မေ့မှာမဟုတ်ပေမယ့် ဖေဖေ ဟာ ပိုပြီးတည်ငြိမ်လေးနက်လာတယ်။

သမီးဆယ်တန်းအောင်ပြီး ကျောင်းဆရာမကလေး လုပ်နေတဲ့နှစ် တွေမှာ ဖေဖေဟာ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ ကျန်းမာရေးချို့ယွင်းစ ပြုနေပြီ။

ဒီအချိန်တွေမှာပဲ မေမေ့ကိုစွဲချက်တင်နေပြီဆိုတဲ့ သတင်းတွေကြား ရတယ်။ မေမေဟာ ပြတ်သားစွာခုခံဆန့်ကျင်နေတယ်။ နောက်တော့ မေမေ့ကို ပြစ်ဒဏ်စီရင်လိုက်တယ်လေ။

ဖေဖေဟာ မေမေ့အလောင်းကို ပြန်ရဖို့ပဲ ကြိုးပမ်းနေတယ်။ စနေနေ့ တစ်နေ့မှာ မေမေ့အလောင်းကို ဖေဖေကိုယ်တိုင် မြှုပ်ခဲ့တယ်။

မေမေကွယ်လွန်တော့မှ မေမေနဲ့ဖေဖေဟာ တရားဝင်ကွာရှင်းလိုက် တော့သလိုပဲ။

ဒါပေမဲ့ ဖေဖေဟာ ကျန်းမာရေးချို့ယွင်းနေတဲ့ နောက်ဆုံးနေ့ရက် တွေကို ရောက်နေပြီဆိုတာ ဖေဖေ့ကိုယ် ဖေဖေလည်း သိနေပါပြီ။ ခန္ဓာ ကိုယ်စက်ကြီးဟာ တစ်နေရာကိုပြုပြင်လို့ ကောင်းလာလိုက်၊ နောက်တစ် နေရာက ချို့ယွင်းလာလိုက်နဲ့ ဖေဖေအလုပ်မလုပ်နိုင်တော့ဘူး။ ဖေဖေ့ အလုပ်တွေကို မောင်ထူးပဲ ဦးဆောင်လုပ်ကိုင်နေရပြီ။

ဒီအချိန်တွေမှာ ဖေဖေပန်းချီအရေးဆုံးပဲ။ "ခုမှပဲ ဖေဖေလည်း ပန်းချီ ဆရာဘဝရောက်တော့မှာ"လို့ တစ်ညနေမှာ ဖေဖေဟာ ပန်းချီကားရေးဆွဲ နေတဲ့အနား သမီးလာရပ်တော့ ပြောခဲ့တယ်မဟုတ်လား။

ဖေဖေဟာ မြစန္ဒာကို မေ့နေသလိုပါပဲ။ တမင်မေ့အောင် ကြိုးပမ်းနေ ရတာပါ။

မြစန္ဒာလည်း ဖေဖေဘယ်မှာ ရောက်နေတယ်ဆိုတာ မသိရှာပါဘူး။ သူ့ဇာတ်ကတဲ့နေရာတွေမှာ ဖေဖေ့ကို တွေ့လိမ့်နိုးနိုးနဲ့ တစ်သက်လုံး မျှော် လင့်နေရှာမှာပါ။

သူသာ ဖေဖေရှိတဲ့နေရာကိုသိရင် ရောက်အောင်လာခဲ့မှာပါလို့ သမီး အသေအချာပြောဝံ့တယ် ဖေဖေ။

* * *

mgyoe.com

ဖေဖေရေ . . .

ခုတော့ ဖေဖေရဲ့နောက်ဆုံးညပဲ ထင်ပါတယ်။ တောင်ကြားကင်းဂတ်က သံချောင်းလေးချက်ခေါက်သံ ကြားရတယ် ဖေဖေ။ အဝေးဆီက ကြက်တွေမြိုင်မြိုင်တွန်သံ ကြားနေရပြီ။ နှင်းတွေလည်း ပိုပြီးကျလာနေပြီ။ သမီးရဲ့ စောင်းခတ်နေသံဟာလည်း အားအင်ကုန်ခန်းလာနေပြီ ဖေဖေ။

သမီးအောက်ထပ်ကို ဆင်းလာချင်တယ်။ ဖေဖေ့ကို အသက်ရှင်လျက်နောက်ဆုံးကြည့်ခြင်းအဖြစ်နဲ့ ကြည့်ချင်တယ်။ နှုတ်ဆက်ချင်တယ်။ ခုဆိုမောင်ထူးလည်း ထင်းတဲထဲမှာ ငိုနေတုန်းနေမှာပဲ။

လရောင်လည်း မှေးပြယ်စပြုနေပြီ။ မေမေ့ကို မြှုပ်နှံထားတဲ့ ကျောက်တောင်ကုန်းရဲ့ ထိပ်မှာ မနက်အရုဏ်ပျို့လာနေပြီ။ အရုဏ်ရောင်ခြည်တွေဟာ မေမေက ဖေဖေ့ဆီ လွှတ်နေတဲ့ တမန်တော်တွေလိုပါပဲ ဖေဖေ။

"မဟီဆောင် သဲငွေသောင် ပိန်ညင်းငှက် မယ်မောင်ခေါ်တယောင်
ဖိုးခေါင်ရွှေလက်တွဲလို့လေး . . .ပျံဝဲပျံဝဲလူးလား . . .ဟသ်ာ
စင်ရော် စင်ရော် နွဲ့ပျော်လို့လေး"

ဒီသီချင်းကို ဘာပြုလို့မှန်းမသိဘူး။ တီးနေရင်း သမီးစိတ်ထဲမှာ"ဘဝဆိုတာ အချစ်ညပါ" လို့ ဖေဖေ့ရဲ့အတွေးတွေ ဝင်လာနေတယ်။ စောင်းသံဟာ ဖေဖေရဲ့ ဘဝတပ်မက်မှု အတွေးတွေကို အကွက်ဖော်ပေးနေသလိုပဲ။ သမီးလေ ဖေဖေဆုံးရင် မေမေ့အနားမှာ မြှုပ်မယ်လို့ တွေးလိုက်တယ်။ မြစန္ဒာဆုံးရင် ဖေဖေတို့နဲ့ ယှဉ်တွဲပြီး မြှုပ်မယ်လို့ တွေးတယ်။ ဒါမှမဟုတ် တစ်ဖက်တောင်ကုန်းပေါ်မှာ မြစန္ဒာကိုမြှုပ်မှာပေါ့။ တောင်နှစ်ခုကို တောင်ခိုးတွေဟာ ဆက်သွယ်ပေးနေမှာပေါ့။

သမီးလေ ဖေဖေလွန်ခဲ့တဲ့ ဆယ်ရက်ကမှ မြစန္ဒာကို တွေ့ခဲ့တာကို မေ့မရနိုင်ဘူးပေါ့ဖေဖေ။ သမီး ဘယ်အခါမှာမှ မေ့လို့ရနိုင်မှာ မဟုတ်ဘူး။ ဖေဖေလည်း မေ့ရနိုင်မှာမဟုတ်ဘူး။ ခုဆို ဖေဖေဟာ မြစန္ဒာရဲ့ ပုံတူကားချပ်ကို ပြာစပြုနေတဲ့ မျက်လုံးတွေနဲ့ ငေးကြည့်နေမှာပဲလို့ သမီးတွေးနေတယ်။

သူဟာ ဖေဖေ့ကို လာနှုတ်ဆက်သလိုပါပဲ။ ဖေဖေ ဒီမြို့ကလေးမှာ ရှိနေတာ မသိဘဲနဲ့ သူ့အငြိမ့်ကို လာကပြတယ်။ ဟိုရှေ့က လမ်းမကြီး မှာ

mgyoe.com

mgype.com


ဓာတ်စင်ထိုးလို့လေ။ ပြတင်းပေါက်က လှမ်းကြည့်ရင် သူ့အငြိမ့်စင် နေရာဟောင်းကို မြင်နေရမယ်။ ခုတော့ အဲဒီနေရာမှာ နှင်းထုကြီးတွေပဲ ရှိတယ် ဖေဖေ။ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ခုတော့ မြစန္ဒာမရှိတော့ ဘူးဖေဖေ။ သူဟာ ဒီက အလှမ်းဝေးတဲ့နေရာ တစ်နေရာမှာ အငြိမ့်ပွဲ ကနေလောက်ပြီ။

သူအငြိမ့်ကနေတဲ့နေ့မှာ ဖေဖေဟာ အတော်မမာနေပါပြီ။ ဒါပေမဲ့ ညခင်းရောက်လာတော့ ဖေဖေဟာ မယုံနိုင်လောက်အောင် ရွှင်လန်းနေ တယ်။ ပြုံးလို့ ရယ်လို့လေ။ ဖေဖေ့အတွက် အပျော်ဆုံးနေ့လိုပါပဲ။ ညပိုင်း မှာ ဖေဖေဟာ ပြတင်းတွေ အားလုံးဖွင့်ခိုင်းတယ်။

ဆိုင်းသံတွေ ကြားနေရတယ်။ ပရိသတ်တွေဟာ သမီးတို့ အိမ်ရှေ့ လမ်းပေါ်မှာ ပြည့်လာနေပြီ

အိမ်ပေါ်က လှမ်းကြည့်ရင် မြစန္ဒာအငြိမ့်ရဲ့ လှပတဲ့ရွှေရောင်နဖူးစည်း ဟာ ခံ့ညားနေတယ် ဖေဖေ။ ကတ္တီပါကားကြီးဟာ လေဟပ်နေတော့ တလိပ်လိပ်နဲ့။ တော်တော်ကြာတော့ အငြိမ့်စထွက်တယ်။

ဖေဖေဟာ အိပ်ရာပေါ်မှာ ငြိမ်သက်နေတယ်။

"မြစန္ဒာထွက်ရင် ကြည့်ရအောင် သမီးရယ်။ မြစန္ဒာဟာ ဗမာပြည် မှာ အက အကောင်းဆုံးမင်းသမီးကွဲ့။ အဆိုလည်း အကောင်းဆုံး။ လှ လည်း အလှဆုံး။ ဗမာ့ယဉ်ကျေးမှုကိုလည်း အထိန်းသိမ်းဆုံး။ အင်း. . . သူ့ကို မကြည့်ရတာ ဆယ့်နှစ်နှစ်တောင်ရှိလာပြန်ပြီ"

ဖေဖေက ပြုံးပြီးပြောနေတယ်။

ဖေဖေ လန်းဆန်းနေတာဟာ အံ့သြစရာပဲ။ ဖေဖေ့မျက်နှာဟာ နုပျို နေသလိုပဲ။

"သမီး . . . သူ့သီချင်းဆိုပေါက်ကို မှတ်ထားစမ်း" လို့ ပြောနေတယ်။

မြစန္ဒာမထွက်မီ ဖေဖေဟာ အိပ်ရာထဲမှာ ငြိမ်နေတုန်းပဲ။ မြစန္ဒာထွက် ခါနီးမှာ သမီး ပခုံးကိုမှီပြီး အိပ်ရာထဲက ထလာတယ်။ ပြတင်းပေါက် နားမှာ ချထားတဲ့ ကုလားထိုင်ပေါ်ကို ဖြည်းဖြည်းဝင်ထိုင်လိုက်တယ်။

မြစန္ဒာ ထွက်ဖို့အတွက် ပြည်ဖုံးကားလိပ်ကြီး မတင်ထားနေပြီ။

မြစန္ဒာရဲ့ ဆိုင်းဝိုင်းနောက်ကဆိုနေတဲ့ သီချင်းသံဟာ လွင့်လာနေပြီ

mgype.com

mgyoe.com

ဖေဖေ။ သူ့အသံဟာ ကြည်နေတယ်။ လင်းနေတယ်။ ပွဲခင်းကြီးတစ်ခု လုံး သူ့အသံလှိုင်းနဲ့ ခြုံထားတယ်။ ပရိသတ်တွေဟာ ကြိုးတုပ်ထားတာ ခံနေရသလိုပဲ။

ဖေဖေဟာ ချိုမြနေအောင် ပြုံးနေတာပဲ။ ဆိုင်းဝိုင်းထဲမှာ သူ့ကို လိုက် ရှာကြည့်နေတယ်။ သူ့ခေါင်းပေါ်မှာ ခြုံထားတဲ့အနက်ပြောက် ပဝါစ ကလေးကိုပဲ မြင်နေရတယ်။ မြစန္ဒာရဲ့အသံကို ဖေဖေဟာ အသေအချာ မှတ်မိနေမှာပဲနော်။ တစ်ချက် တစ်ချက်မှာ ဖေဖေရဲ့ဝိညာဉ်ဟာ ဂီတလှိုင်း နောက်လွင့်ပါနေသလိုပဲ။ ဖေဖေဟာ ပြုံးနေရင်းက ငေးနေတယ်။

ပြည်ဖုံးကားကြီးဟာ သီချင်းတစ်ပိုဒ်အဆုံးမှာ တရွေ့ရွေ့ကျသွားနေ တယ်။ မြစန္ဒာကိုရော ဆိုင်းဝိုင်းကိုပါ ကွယ်သွားပြီ ဖေဖေ။ ဆိုင်းဟာ ဆူ ဆူညံညံနဲ့ အရှိန်ပြင်းပြင်း တီးနေတယ်။ ပြည်ဖုံးကားကြီးဟာ အနီရောင် လှိုင်းတွန့်ကြီးလေ။ ဖေဖေချစ်တဲ့ အနီရောင်လေ။ ဆိုင်းသံနဲ့ နှဲသံဟာ တစ်ကြော့ပြေးလိုက်၊ လိုက်လိုက်နဲ့ မြူးကြွနေတယ်။ ကြွရွနေတယ်။ ပြီး တော့မှ နွမ်းလျလာသလို တစ်စတစ်စ ငြိမ်သက်လာနေတယ်။ အေးလိုက် လာနေတယ်။

ဆိုင်းသံဟာ မှျင်မှျင်ကလေး ကျန်တော့တယ်။ နှဲဟာ အသံတိုးတိုး ကလေးနဲ့ နော့နေတယ်။

ဝါးပတ္တလားကို ညင်ညင်သာသာ ခတ်နေသံနဲ့ ဝါးပုလွေအိုကြီးကို တီးမှုတ်နေသံဟာ တစ်စတစ်စ ရောထွေးပေါ်လာတယ်။ အတော်ကြာတော့ ဆိုင်းသံ၊ နှဲသံပျောက်သွားတယ်။ မြစန္ဒာရဲ့သီချင်းသံဟာ အေးအေးငြိမ့်ငြိမ့် ကလေး လေဟုန်စီးလာနေတယ်။ သီချင်းရဲ့ခြေဆင်းကို ချွဲပြီးဆိုနေတယ်။ ပြီးတော့ အသံလှိုင်းခတ်ကူးရင်း သီချင်းကိုယ်ကို ရောက်လာတယ်။ ပြီးတော့ မှ ရုတ်တရက်အဆိုကို ရပ်ပစ်လိုက်တယ်။

အသံဟူသမျှဟာ ရောက်ရာနေရာမှာ တုံ့ခနဲ ရပ်သွားတယ်။ စက္ကန့် ပိုင်းလောက် ငြိမ်နေတယ်။ ခဏကြာမှ မြစန္ဒာရဲ့ချိုအေးနေတဲ့ စကားသံ ပေါ်လာနေတယ်။

"အားပေးရန် ကြွရောက်လာကြသူ ရွှေပွဲလာတို့ရှင် . . .။ မြစန္ဒာရဲ့ အငြိမ့်သဘင် ထင်ရှားနေရတာဟာ ငြိမ့်ညောင်းညင်သာမှုဆိုတဲ့ မြန်မာ့

mgyoe.com

mgyoe.com

ယဉ်ကျေးမှုအစဉ်အလာကို ဆက်ခံနေလို့ပါရှင်။ နိုင်ငံရပ်ခြား အဆိုအက တွေမှ ကြည့်ချင်ပါတယ်ဆိုတဲ့ ပရိသတ်ရယ်လို့ တစ်ယောက်တလေမှ မြစန္ဒာရဲ့ အငြိမ့်စင်ရှေ့မှာ မရှိတာကို ပရိသတ်ကြီးဟာ ဂုဏ်ယူမဆုံးဖြစ်နေ ပါတယ်။ မြန်မာ့ယဉ်ကျေးမှု သုခုမဆိုတဲ့ မီးရှူးတန်ဆောင် အလံတော် မြတ်ကို ကိုင်ဆောင်ပြီး မြစန္ဒာ အငြိမ့်သဘင်ဟာ ချီတက်လာနေပါပြီရှင်"

ရုတ်တရက် ဆိုင်းဝိုင်းကြီးတစ်ခုလုံးဟာ လေနီကြမ်းတိုက်ခတ်နေ သလို သိမ့်သိမ့်တုန်အောင် တီးခတ်လိုက်တယ်ဖေဖေ။ ဆူညံဟိန်းဟောက် လိုက်သလိုပဲ။ တူရိယာအားလုံး စုံပြီးတီးနေတယ်။

မီးတွေ ဖျတ်ခနဲ မှိတ်သွားတယ်။ မီးပြာလဲ့လဲ့ကလေး လင်းလာတယ်။ ပြည်ဖုံးကားကြီးဟာ မီးမှိတ်သွားခိုက်မှာ ပျောက်ကွယ်သွားနှင့်ပြီ။ မြစန္ဒာ ကို မြင်နေရပြီဖေဖေ။ ဖေဖေရဲ့မြစန္ဒာဟာ အရုပ်ကလေးပဲ ဖေဖေ။ တိမ် တွေကြားထဲက ထွက်နေတဲ့ ယမင်းရုပ်ကလေးလိုပဲ။ လှလိုက်တာ ဖေဖေ ရယ်။သူ့မျက်နှာကလေးဟာ နေအရုဏ်မှာ ပွင့်နေတဲ့ပန်းလို ပြုံးနေလိုက် တာ။ သူ့ကို သမီး ဒီတစ်ခါမြင်ဖူးတာပါ။ သမီးလည်း သူ့အလှကို ငေး ကြည့်နေမိတယ် ဖေဖေ။

သူဟာ ပညာစွမ်းပြ ခြေစုံလက်စုံယူပြီး မျက်တောင်မခတ်နိုင်အောင် လှနေအောင် ကနေတယ်။

သူ သမီးတို့ဆီ မော့ကြည့်မိမှာမဟုတ်ပါဘူး။ သူ မော့ကြည့်လိုက်ရင် ပြတင်းဝမှာထိုင်နေတဲ့ ပြုံးနေတဲ့ ဖေဖေ့မျက်နှာကို မြင်ရမှာပေါ့။ သူမော့ ကြည့်လိုက်စေချင်တယ် ဖေဖေ။

သူ့မောင် လူရွှင်တော်နဲ့ တခြားလူရွှင်တော်တစ်ယောက် ပြေးထွက်လာ တယ်။

"မြစန္ဒာဟာ လှတယ်နော် ဖေဖေ" လို့ သမီးက ပြောနေမိတယ်။

ဖေဖေဟာ သမီးပခုံးပေါ် လက်တစ်ဖက်တင်ထားပြီး ငေးနေတာပဲ။ သမီးပြောတာကိုလည်း မကြားဘူး။

"မြစန္ဒာဟာ အပြင်မှာမြင်ရတော့ လေးဆယ်လောက်၊ ဇာတ်စင်ပေါ် ကျတော့ ဆယ့်ခြောက်နှစ်ပဲနော်" လို့ လမ်းပေါ်က ပြောသံတစ်ခု ပေါ်လာ နေတယ်။

mgyoe.com

mgyoe.com


"ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း မြစန္ဒာဟာ ဒီအရွယ်ပဲ။ ခုလည်း ဒီအရွယ်ပဲ။ ပုပုကလေးပဲ"

မြစန္ဒာ ကနေတုန်းဆိုရင် ဖေဖေဟာ အသက်တောင်မရှုဘူးထင်တယ်။ ပြက်လုံးကြောင့် ပွဲခင်းကြီးတစ်ခုလုံး သိမ့်သိမ့်တုန်အောင် ရယ်နေတော့လည်း ဖေဖေမရယ်ဘူး။ မြစန္ဒာ ဇာတ်စင်နောက်ဘက် ခဏဝင်သွားရင် ဖေဖေ့မျက်လုံးတွေဟာ ဇာတ်စင်နောက်ဘက် လိုက်သွားနေတယ်။

မြစန္ဒာဟာ ပညာစွမ်းပြ ကနေသလိုပဲ။ ဖေဖေ့အတွက် ကပေးနေသလိုပဲ။ ကကြိုးတွေ တဖျတ်ဖျတ် ပြောင်းသွားနေတယ်။ သူ့ မောင်ကလေး အနားကပ်လာတော့ "အရှက်မရှိလိုက်တာဟယ် . . .။ ငါက မတတ်သာလို့ ကနေတာ။ နင့်မျက်နှာ မကြည့်ချင်ဘူး။ ဟိုဘက်လှည့်နေစမ်း" လို့ တွန်းလွှတ်ပြီး ရယ်နေတယ်။ မိုက်ခွက်ရှေ့က ရယ်သံဟာ ချိုမြနေတာပဲ။

သူ့ရယ်သံ၊ သူ့စကားပြောသံ၊ သူ့တေးသံတွေဟာ ဖေဖေ့နှလုံးသားကို ဆွဲဆုတ်နေသလို နေတော့မှာပဲ။

ဖေဖေဟာ အပြုံးတွေထုတ်လုပ်တဲ့ စက်တစ်ခုလို အဆက်မပြတ် ပြုံးနေတာပဲ။

ညဉ့်နက်လာပြီ ဖေဖေ။ နှင်းတွေလည်း မှောင်လာနေပြီ။ အေးလာနေပြီ။ သမီးလေ . . .ဖေဖေ့ကို အိပ်ရာပေါ်ပြန်သွားဖို့ ပြောချင်တယ်။ ပြောလည်းမပြောရက်ဘူး။ သမီးပခုံးပေါ်တင်ထားတဲ့ ဖေဖေ့လက်ဟာ လက်အိတ်စွပ်ထားပါလျက်နဲ့ အေးနေပြီ။ အေးလို့ ဖေဖေ့နှုတ်ခမ်းတွေဟာ ပြာနေပြီ။ နှင်းမှုန်စက်တွေဟာ ပြတင်းဝက ပက်ကြဲနေတယ်။ အငြိမ့် ပြီးစေချင်လှပြီ ဖေဖေ။ မိုးလင်းစေချင်လှပါပြီ။

ဖေဖေ့ကျန်းမာရေးဟာ ဒါကြောင့် ပိုပြီး ချို့ယွင်းလာတာလားလို့ ခုတော့ သမီးတွေးနေရပြီဖေဖေ။

အဲဒီညကတော့ မြစန္ဒာ မင်းသားလိုထွက်လာတာလည်း ဖေဖေဟာ ပြုံးပြီးကြည့်နေတာပဲ။ သူ့ ရုပ်ပုံလွှာတွေ၊ သူ့အသံဇတွေကို ဖေဖေဟာ ကြည့်လို့၊ နားထောင်လို့ ဘယ်တော့မှ ဝမှာမဟုတ်ပါဘူး။ မိုးလင်းခါနီး အငြိမ့်သိမ်းမှ ဖေဖေ့မျက်နှာပေါ်က အပြုံးတွေဟာ တိခနဲငြိမ်းသွားတယ်။ ဖေဖေဟာ အိပ်ရာထဲကို သုတ်သုတ်ပြေးဝင်သွားတယ်။

mgyoe.com

mgyoe.com


အငြိမ့်သိမ်းသွားပြီ ဖေဖေ။

မြစန္ဒာတို့ ပြန်ကြတော့မယ် ဖေဖေ။

အိပ်ရာထဲရောက်မှ "မြစန္ဒာဟာ လှတယ်နော်" လို့ ဖေဖေက ခပ်တိုးတိုးပြောတယ်။

"အို . . . သိပ်လှတယ်ပေါ့" လို့ သမီးပြောလိုက်တာကို ဖေဖေ ကျေနပ်သွားမှာပါ။

ဒါဟာ နောက်ဆုံးတွေ့ခြင်းပဲဆိုတာ ဖေဖေသိမှာပါ။

ဖေဖေရေ . . .

ခုလည်း သမီးမျက်လုံးထဲမှာ သူ့ကကြိုးတွေ ပြန်မြင်နေတယ်။ သူ့ရယ်သံ၊ သူ့စကားသံ၊ သူ့တေးသံ။ ခုတော့ သူဟာ ဖေဖေ့ကို ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူး။ ဒါပေမဲ့ သမီးရဲ့စောင်းခတ်သံတွေ နောက်မှာ သူ့တေးသံပေါ်နေသလိုပဲ ဖေဖေရေ။ သမီးစောင်းသံနောက်က သူ့သီချင်းဆိုသံတွေကို ဖေဖေလည်း အောက်ထပ်က လှမ်းကြားနေရမှာပေါ့နော်။

ခုဆို ဖေဖေ မေ့လျော့နေလောက်ပြီလား။ ခုဆို ဖေဖေ ကြားနိုင်ပါတော့မလား။

"ပူသူကိုငြိုးရော့ . . .ထင်။ ရွှေ . . .မိုးအမှုန် . . .ဝေဖြိုးနတံဘုံက
မာန်တဂုဏ်ပြင်း . . .လျှပ်စစ်နွယ်ခင်းပါလို့ ဟစ်ကြွေးငြာ။
စစ်ရေးဗျူဟာ သူရာမင်းငယ်လေး . . .ခင်းတပ်ဖွဲ့ . . .ကာ"

သမီးရဲ့ စောင်းသံဟာလည်း သဲ့သဲ့ကလေးပဲ ရှိတော့တယ်ဖေဖေ။ စောင်းသံတွေဟာလည်း ရှိုက်ငင်နေပါပြီ။ ပြတင်းဝက ဝင်လာတဲ့ နှင်းစက်တွေဟာ သမီးရှေ့ ကြမ်းပြင်ပေါ်မှာ မျက်ရည်စက်တွေလို ရွှဲစိုနေကြပါပြီ။ ရောင်နီတွေဟာ မေမေနေတဲ့ တောင်ကျွန်းကို ကျော်လာနေပါပြီ။ မိုးလင်းတော့မယ်နော် ဖေဖေ။ သမီးရဲ့ ငိုနေတဲ့လက်ချောင်းကလေးတွေတော့ စောင်းကြိုးတွေပေါ်မှာ လှုပ်ရှားနေတုန်းလေ။

မောင်ထူးအိမ်ပေါ်တက်လာပြီ ဖေဖေ။

သူ့ပါးပေါ်မှာ မျက်ရည်တွေနဲ့။

သမီးလည်း စောင်းကိုပစ်ချလိုက်တယ်။

"ဦးလေး မရှိတော့ဘူး။ ခုနလေးတင် အကောင်းသားရှိသေးတယ်

mgyoe.com

ဟယ်"လို့ သူရှိက်ရင်း ပြောနေပြီ ဖေဖေ။ သမီးလည်း နေရာက ထရပ်လိုက်တယ်။

သမီး စိတ်တင်းမထားနိုင်တော့ဘူး ဖေဖေ။ အနေ့နေ့ အရက်ရက်က တင်းလာခဲ့တဲ့ စိတ်ကိုဖြေလွှတ်လိုက်တယ်။ သမီး ငိုတယ်ဖေဖေ၊ မောင်ထူးနဲ့ အိမ်ပေါ်က ပြေးဆင်းလာရင်း ငိုလာတယ်။

ဖေဖေရှေ့မှောက်ရောက်အောင် ငိုလာတယ်။ ဖေဖေ တစ်ကိုယ်တော်ပန်းချီပြခန်းထဲရောက်အောင် ငိုလာတယ်။

ဟုတ်ပါတယ် . . .ဖေဖေဟာ ဖေဖေ့ပန်းချီကားတွေ အလယ်မှာ ငြိမ်သက်နေပါပြီ။ ဖေဖေ့ကို ခုတွေ့နေရတာ အိပ်မက်တစ်ခုထဲမှာ တွေ့နေရသလိုပဲ။ အဖြစ်အပျက်ဟာ အိပ်မက်ထဲမှာလိုပဲ မယုံနိုင်စရာလိုပဲ။ ဖေဖေ့ကို မြင်နေရတာ အသက်ရှင်လျက်တွေ့နေရသလိုပဲ။ ဖေဖေဟာ အိပ်မောကျနေသလိုပဲ။ ဖေဖေ နှုတ်ခမ်းတွေပေါ်မှာ ဝေ့နေတဲ့အပြုံးရိပ်ကလေးတွေကို မြင်နေရဆဲပဲ။ ချိုမြနေတဲ့အပြုံးဖေဖေ။ အေးငြိမ်းနေတဲ့ အပြုံး။ ဘယ်တော့မှ မှေးမှိန်သွားမှာမဟုတ်တဲ့ အစဉ်သဖြင့် လန်းဆန်းမယ့် ဘဝနောက်ဆုံးစက္ကန့်အထိ တပ်မက်သွားတဲ့အပြုံးပေါ့ ဖေဖေ။

မိုးလည်း လင်းစပြုလာပြီ ဖေဖေ။ တစ်ညဟာ ပျက်ကြွေသွားနေပြီ၊ နေ့သစ်တစ်ခုကို ကူးလာနေပြီ။ နေခြည်တွေဟာ အရှေ့ဘက် မေမေနေတဲ့ ကျောက်တောင်ကုန်းကို ဖြတ်သန်းလာနေပြီ။ ဖေဖေ့တစ်ကိုယ်တော်ပန်းချီပြခန်းရဲ့ အရှေ့ဘက် တံခါးပေါက်အထိ နေရောင်ခြည်တွေ ဦးခိုက်လာနေပြီ ဖေဖေ။

(၁၉၇၂ ခု၊ ဧပြီလ၊ စန္ဒာမဂ္ဂဇင်း အမှတ် ၃၇ မှ)

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ညအသခ်ေမျာ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[၁]

ထိုစဉ်အခါက မောင်မင်းနောင်နှင့် ယခု ပစ္စက္ခရှိ ကိုမင်းနောင်တို့မှာ သီးခြားသော ဘဝနှစ်ခုအပေါ်၌ ရပ်တည်နေသူ နှစ်ဦးကဲ့သို့ ခြားနားနေခဲ့လေပြီ။

ခု ကိုမင်းနောင်က ဝေးလံသော အတိတ်ဆီတွင် မြူခိုးငွေ့သဖွယ်ဖြစ်ကျန်ခဲ့လေပြီဖြစ်သူ မောင်မင်းနောင်ကို "သူသည် ငယ်ရွယ်နုပျိုလွန်းသူပေတကား။ သူသည် စိတ်ကူးယဉ် အိပ်မက်များ၏ မြူခိုးငွေ့များကို အငမ်းမရ လိုက်လံ ဖမ်းဆုပ်ကြည့်နေသူပေတကား" ဟူ၍ ... ဟူ၍ တစ်ခါတစ်ရံ၌ တွေးမိပေလိမ့်မည်။

မောင်မင်းနောင်ကား သူ့အိမ်နံဘေး ချောင်းကလေး၏တံတားပေါ်တွင် ကြာရှည်ကြာမြင့် ထိုင်ငေးရင်း စိတ်ကူးယဉ် ဘုံဗိမာန်ကလေးများကို မြူခိုးမြူငွေ့များထဲဝယ်တည်ဆောက်နေတတ်သူ။ ဤချောင်းကလေးကို မခင်လေးနှင့် သူ၏နှလုံးသားချင်း ဆက်သွယ်ရာအဖြစ်လည်းကောင်း၊ မေတ္တာပုံပြင်တစ်ခုထဲမှ ချစ်စရာသတ္တဝါငယ်ကလေးအဖြစ်လည်းကောင်း တင်စားနေတတ်သူ။ စိတ်ကူးဖြင့် ရူးနေရှာသူ။

ထိုချောင်းကလေးသည် မြို့၏ နောက်ခံတောင်တန်းများပေါ်မှ စီးသန်းလာခဲ့သည်။ မိုးအခါဝယ် ချောင်းရေစီးသံမှာ ကျားရိုင်းတစ်ကောင်၏ မာန်ဖီ

mgyoe.com

mgyoe.com


ဟိန်းဟောက်နေသံလို ဆူညံနေလျက် နောက်ကျိသော ရွှံ့နှစ်ရေများလည်း ကမ်းလုံးပြည့်လျှံနေတော့သည်။

ဆောင်းသို့ရောက်လျှင် ရေစီးသံမှာ ဂီတသံလို ပျော့ပျောင်းနူးညံ့လာသည်။ ရေလည်း ဖန်သားပြင်လို ကြည်လင်လာသည်။

နွေသို့ရောက်သော်လည်း ဤချစ်စရာသတ္တဝါငယ်၏ စီးသန်းသံမှာ မပြတ်စဲသေး။ နွေ၌ကား သူ့ဘဝသည် ချစ်စရာ လိပ်ပြာငယ်ကလေးနှင့် တူသည့် လှပသော စမ်းချောင်းကလေး ဘဝသို့ပြောင်းလဲသွားသည်။ ထို ကာလ၌ ဤစမ်းချောင်းကလေး၏ ရေစီးဟန်ကို နက်ရှိုင်းစွာခံစားကြည့်လျှင် လိပ်ပြာငယ်ကလေးတစ်ကောင်၏ အတောင်တဖျပ်ဖျပ်ခါရင်း ပျံဝဲနေပုံနှင့် မည်ကဲ့သို့ ခြားနားနိုင်တော့မည်နည်း။

ဤချောင်းကလေးသည် မောင်မင်းနောင်တို့ သားအဖ နေထိုင်ရာတဲ အိမ်ကုပ်ကလေးများသာရှိသော မြို့အနောက်မြောက်ထောင့်အရပ်သို့ စတင် စီးဝင်လာသည်။

ထိုမှ ဤမြို့ကလေး၏ တစ်ခုတည်းသော အစိုးရအထက်တန်းကျောင်း နံဘေး၊ တစ်ခုတည်းသော ဈေးအနီး၊ မြလိန္ဒာတောင်တော်ခြေရင်း၊ မြို့၏ လမ်းမကြီးနှင့် အခြားလမ်းငယ်အသွယ်သွယ်ကို ဖြတ်သန်းကာ နောက်ဆုံး တွင် မြို့၏အရှေ့တောင်ထောင့် လူချမ်းသာရပ်ကွက်သို့ စီးသွားသည်။

မြို့အထွက်ရှိ မခင်လေးတို့ ခြံနံဘေးမှ ဖြတ်သန်းသွားလေသည်။

မြို့အပြင်ဘက်၌ ယာခင်းများကိုဖြတ်လျက် တောင်ကုန်းငယ်များကို ကွေ့ပတ်လျက်၊ တောအုပ်ကလေးများအောက်မှ ဖောက်ဝင်လျက် ဆရာ ဦးစိမ်းမောင်၏ ကိုယ်ရေပြားရောဂါကု စခန်းဆီသို့ရောက်သွားတော့သည်။

မောင်မင်းနောင်သည် နံနက်များတွင် သူ၏ အိမ်ဆောက်လက်သမား လက်နက်သေတ္တာကို ထမ်းလျက် ဤချောင်းကလေးနံဘေး လမ်းအတိုင်း သူ့အိမ်ဆောက်လက်သမား အလုပ်ရှိရာသို့သွားသည်။ ဆောင်းနံနက်များ၌ ချောင်းရိုးကလေးတစ်လျှောက်တွင် နှင်းမှုန်များ၊ တမာပင်အုပ်များ၊ ခရေပင်၊ ပျဉ်းမပင်များ၊ငုစပ်ပင်များဖြင့် မှိုင်းအုံနေသည်။ညနေအပြန်တွင်ကား ဆည်းဆာ နေခြည်ဖြင့် တောက်ပဝင့်ထည်နေတော့သည်။

နံနက်များတွင် နှင်းများအုပ်ဆိုင်းနေဆဲ၌ တစ်ခါတစ်ရံ တံတားအကျိုး

mgyoe.com

mgyoe.com

တွင်လည်းကောင်း၊ တစ်ခါတစ်ရံ မြလိန္ဒာတောင်တော်ခြေရင်း လခြမ်းအကွေ့တွင်လည်းကောင်း၊တစ်ခါတစ်ရံ ဈေးလမ်းခွဲတွင်လည်းကောင်း မောင်မင်းနောင်မှာ စက်ဘီးအပြင်းနင်းလာသူ မခင်လေးကို တွေ့မြင်နေကျ ဖြစ်လေသည်။

မခင်လေးနှင့် မျက်နှာတူရူ၍ မောင်မင်းနောင်မှာ ရဲရဲမကြည့်ဝံ့သော်လည်း စက်ဘီးလွန်သွားလျှင် မသိမသာ နောက်ပြန်လှည့်ကာ ငေးမော ကြည့်ရင်း မောင်မင်းနောင်သည် စိတ်၌ ပြင်းစွာ လှုပ်ရှားရတော့သည်။

မခင်လေး၏ စက်ဘီးပေါ်တွင် တောင်းများ ပဒေသာလိုချိတ်ဆွဲထားသည်။ တောင်းများသည် စက်ဘီးဆောင့်ကိုင်း လှုပ်ရှားနေလျက် စက်ဘီးသည်လည်း နှင်းတောထုကြီးထဲ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ထိုအခါတွင်မှ မောင်မင်းနောင်လည်း လမ်းအတိုင်း ဆက်လက်လျှောက်လာဖြစ်တော့၏။ ခြေထောက်များကသာ စက်ရုပ်ဆန်စွာ လျှောက်လှမ်းနေရသော်လည်း သူ့စိတ်ဝိညာဉ်မှာမူ စက်ဘီးပျောက်ကွယ်ရာနေရာ၌ ကျန်ရစ်လေသည်။

ကြာသော် အလုပ်လုပ်နေရင်း၊ သံရိုက်၊ လွှဆွဲ၊ ရွေဘော်ထိုးနေရင်း သူသည် မခင်လေးကိုသာ အစဉ်မပြတ် သတိရနေတော့သည်။ အိမ်ခေါင်အမြင့်ပေါ်တွင် သက်စွန့်ဆံဖျား လုပ်ကိုင်နေရစဉ်တွင်လည်း သူ့မျက်လုံးများမှာ မခင်လေးနေမည်ဟု သူထင်သည့်အိမ်များအပေါ်တွင်သာ သိန်းစွန်ရဲလို ဝဲနေသည်။ အိမ်တစ်အိမ်၏ပြတင်းဝမှ မခင်လေးပေါ်လာလိမ့်မည်ဟု ထင်နေတတ်လေသည်။

မခင်လေးနှင့် သိကျွမ်းခွင့်ရခဲ့သည့်နံနက်က မောင်မင်းနောင် အိမ်မှ ထွက်လာခဲ့သည်မှာ အခါတိုင်းထက် စောနေသည်။

မခင်လေးတို့ရပ်ကွက်ဘက် သွားရာလမ်းခွဲနှင့် လမ်းမကြီးလမ်းဆုံသို့ ရောက်မှ နေလုံးထွက်ပြူလာစ ရှိသေးသည်။

မခင်လေးတို့ရပ်ကွက်ဘက် သွားရာလမ်းမှာ ကုန်းမြင့် ခပ်ပြေပြေတစ်ခု အပေါ်သို့ထိုးတက်နေရာ ကုန်းမြင့်အထက်ပိုင်းမှာ နှင်းထုကြီးအောက်တွင် ပျောက်ကွယ်နေဆဲ ရှိသေးသည်။ ဤလမ်းဆုံအနီးသို့ရောက်သောအခါ မောင်မင်းနောင်သည် မခင်လေး၏ စက်ဘီးလာနေပလားဟု မျှော်ကြည့်မိသည်။

mgyoe.com

mgyoe.com

အမှန်လည်း တောင်းဆိုင်းများ ဆွဲထားသည့် မခင်လေး၏ စက်ဘီးမှာ ကုန်းမြင့်ပေါ်မှ လျှောဆင်းလာနေသည်။ မခင်လေးသည် ကြက်သွေးရောင် အနွေးထည် ဝတ်ဆင်ထားကာ သူ့တစ်ခေါင်းလုံးမှာ အခါတိုင်းက လိုပင် စံပယ်ပန်းများ ဖွေးဖွေးလှုပ်မျှ ပန်ထားလေသည်။ စံပယ်ကား မခင်လေး၏ အမှတ်အသားတစ်ခုပါတကား။

ထိုအချိန်၌ ကားလမ်းမကြီးပေါ်တွင် ကုန်ကားကြီး နှစ်စင်းသည် မျက်နှာ ချင်းဆိုင် အပြင်းမောင်းနှင်လာနေသည်။ နှင်းထုထူထပ်သဖြင့် ကားများသည် မီးများဖွင့်လာကြ၏။

မောင်မင်းနောင်သည်လည်း လမ်းဆုံသို့ ရောက်လာလေသည်။

မခင်လေးသည် စက်ဘီး ပြေးဆင်းလာနေရင်း စက်ဘီးနောက်ခုံပေါ်မှ ပြုတ်လုတဲတဲ တောင်းတစ်လုံးကို အမှတ်တမဲ့ နောက်လှည့်ပြင်ဆင်လေ သည်။ စက်ဘီးကား အားလွန်ပြေးဆင်းလာသည်။ ကားများသည်လည်း အမှတ်တမဲ့ လမ်းဆုံအနီးသို့ စက်ဘီးနှင့် ထိပ်တိုက်သို့ ပြေးလာနေသည်။

ဤသို့ဖြင့် မောင်မင်းနောင်သာ တစ်ခုခုမလုပ်လျှင် စက်ဘီးနှင့် မခင်လေးမှာ ကားနှစ်စင်းအောက်သို့ ရောက်သွားပေလိမ့်မည်။

မောင်မင်းနောင်သည် အလန့်တကြားအော်ဟစ်ကာ စက်ဘီးကိုဖမ်းဆွဲ လေသည်။ မောင်မင်းနောင်ရောမခင်လေးပါ စက်ဘီးနှင့်အတူ လမ်းဆုံ နံဘေး မြေနိမ့်ချိုင့်ခွက်ဆီသို့ အားလွန်ထိုးကျသွားသည်။ မောင်မင်းနောင်၏ လက်နက်သေတ္တာပါ သူတို့နှင့် တစ်ပါတည်း ပါလာလေသည်။

လမ်းဆုံ၌ ကားများသည်လည်း ဘရိတ်များ တကျွိကျွိအုပ်ကာ ထိုးရပ် ကြလေသည်။ ကားသမားများသည် ကားပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

မြေနိမ့်ချိုင့်ခွက် မြက်ခင်းပြင်ပေါ်၌ လက်နက်သေတ္တာသည် အဖုံးပွင့်ကာ လက်သမားပစ္စည်းများ အနံ့ကျဲနေသည်။ တောင်းများသည်လည်း အနံ့ အပြားသို့ လွင့်စဉ်နေကြ၏။ စက်ဘီးမှာ လဲနေလျက်မှ အရှိန်မပျက်လည် ပတ်နေဆဲရှိသည်။

မခင်လေးမှာ မောင်မင်းနောင်အနီးတွင် မြက်ခင်းပြင်ပေါ်၌ ပက်လက် လဲကျနေသည်။ မောင်မင်းနောင်နဖူးတွင်လည်း တစ်ခုခုနှင့် ခိုက်မိပြီး သွေး များ စို့လာနေသည်။

mgyoe.com

mgyoe.com


ကားသမားများ ပြေးလာကြပြီး သူတို့နှစ်ဦးကို လမ်းပေါ်မှ ငုံ့ကြည့်ကြသည်။ တစ်ဦးက မြည်တွန် တောက်တီးလေသည်။ တစ်ဦးကမူ ပြုံးရယ်နေသည့်မျက်နှာဖြင့် ငုံ့ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"အေး ... အိပ်နေကြ၊ အိပ်နေကြ၊ ခင်ဗျားတို့အိပ်နေတာ ကြာရှည်ကြည့်မနေနိုင်ဘူး"

ကားသမားများသည် စိတ်တိုနေရာမှ ရယ်မောလိုက်ကြပြီး ကားများရှိရာသို့ ပြန်လှည့်သွားနေကြသည်။

ကားများမောင်းထွက်သွားမှ မောင်မင်းနောင်မှာ ထ ရပ်မိလေသည်။ ခိုက်မိသောဒဏ်ရာကြောင့် အတန်ကြာသည်အထိ ခေါင်းမှာမူးနောက်နေသည်။ မခင်လေးသည်လည်း သတိရလာပြီး ထရပ်ကာ စက်ဘီးတွင်တောင်းများ ချည်နှောင်လေသည်။

မခင်လေး စက်ဘီးကို ကုန်းပေါ်သို့ တွန်းတင်နေမှ မောင်မင်းနောင်သည် သူ့ပစ္စည်းများကို ကောက်ထည့်ရန် သတိရလာသည်။

မခင်လေးသည် လမ်းပေါ်သို့ ရောက်နေနှင့်သော်လည်း ရုတ်တရက် မသွားသေးဘဲ စက်ဘီးကိုစစ်ဆေးကြည့်နေသလိုဖြင့် စောင့်ဆိုင်းနေသည်။ မောင်မင်းနောင်သည်လည်း လက်နက်သေတ္တာထမ်းကာ လမ်းပေါ်တက်လာခဲ့သည်။

မခင်လေးမှာမူ သူ့ဘာသာပြောသလို "ကံကောင်းလိုက်တာနော်" ဟူ၍ ခပ်တိုးတိုး ပြောလေသည်။

မောင်မင်းနောင်သည် မခင်လေးကို မျက်နှာချင်းဆိုင်မကြည့်ရဲသော်လည်း မခင်လေးအနားတွင် ရပ်နေမိသည်။ မခင်လေး၏ ဆက်ပြောမည့် စကားများကို စောင့်ဆိုင်းနေမိသည်။

မခင်လေးသည်လည်း မောင်မင်းနောင်ကို မျက်နှာလွှဲထားရှာသည်။ ကားသမားများကို ပြန်သတိရကာ မျက်နှာပူနေတော့သည်။ မခင်လေးမှာ သူ့ကျေးဇူးတင်စကားတော့ ပြောသင့်သည်ဟု တွေးလိမ့်မည်။ ဘယ်လိုပြောရမှန်းလည်းမသိ။ ဘယ်လိုစပြောရမှန်းလည်းမသိ။ ဤကဲ့သို့ နှစ်ယောက်နီးနီးကပ်ကပ် ရပ်နေရသည်ကို စိတ်ကျဉ်းကျပ်နေသည်။

မောင်မင်းနောင်သည် မခင်လေးကို တည့်တည့် မကြည့်ရဲသော်လည်း

mgyoe.com

mgyoe.com

မျက်နှာကလေးကို အနီးကပ်မြင်နေသည်။ ဤမျက်နှာကလေးပေါ်၌ ရှက်သွေးများ စို့နေသောအခါ ပို၍စွဲမက်စရာဖြစ်နေသည်။ မခင်လေး၏ အသက်ရှူသံကိုပင် ကြားနေရသလား ထင်မိသည်။

"ရှင့်ကို မခင်လေး မနက်တိုင်းတွေ့တယ်နော်၊ လက်သမားလုပ်သလား၊ အလုပ်သွားတာထင်တယ်၊ ကျောင်းမနေဘူးလား၊ ကျောင်းနေဖို့ကောင်းတာပေါ့"

ဤစကားလုံးများကို မခင်လေးသည် ကယောင်ကတမ်းဖြင့် လျှောက်ပြောနေဟန်တူသည်။

ဤစကားများကို ကြားရပြီးနောက် မောင်မင်းနောင်မှာ ခေါင်းငုံ့သွားလေသည်။ မောင်မင်းနောင်သည် သူနှင့်ရွယ်တူများ ကျောင်းသွား ကျောင်းလာနေကြသည်ကိုတွေ့တိုင်း သူတို့လို ကျောင်းနေချင်စိတ်များ ပြင်းပြစွာပေါ်ခဲ့သည်။ ယခုလည်း ရင်ထဲတွင် နာကျင်သွားမိ၏။ အားငယ်စိတ်လည်းပေါ်လာသည်။

သူသည် နုနယ်လှသောအရွယ်၌ ဖြစ်ပေါ်တတ်သည့်စိတ်ထားဖြင့် သူ့ကို မခင်လေးက အထင်သေးသွားမည်ကိုလည်း စိုးရိမ်မိလေသည်။ သူ့ဘဝကို အမှန်အတိုင်း ဖွင့်ပြောချင်ရှာသော်လည်း ပြောဝံ့သည့်သတ္တိလည်းမရှိ။ လိမ်လည်၍လည်းပြောလိုစိတ်မရှိ။ သူသည် ဘာမှမပြောဘဲ လှည့်ထွက်လာရန် တွေးမိရှာသည်။ ထိုသို့လည်း မပြုနိုင်။

အတန်ကြာမှ မောင်မင်းနောင်သည် ဤမြို့ကလေးတွင်မကြာမီကမှ လာရောက်ဖွင့်လှစ်သည့် အလွတ်ပညာသင်ကျောင်းတစ်ခုကို တွေးမိသည်။

ဤသို့ဖြင့် သူသည် ငယ်ရွယ်သူတို့၏ ဖြစ်ရိုး ဖြစ်စဉ်အတိုင်း သူ့စွဲလမ်းနေသည့် မခင်လေး အထင်မသေးသွားစေရန်အတွက် မောင်မင်းနောင်သည် သူ့ကိုယ်သူ အလွတ်ပညာသင်ကျောင်း၌ တက်ရောက်နေပါသည်ဟု ပြောမိလေသည်။

မခင်လေးမှာမူ မောင်မင်းနောင်၏ စကားကိုလည်း အလေးအနက်ထားဟန်မတူ။ ကြားပင်ကြားလေစ မသိ။ မောင်မင်းနောင်၏ စကားဆုံးလျှင်ဆုံးချင်း စက်ဘီးပေါ်သို့ တက်ရောက်ကာ နင်းသွားလေသည်။

မောင်မင်းနောင်သည် မခင်လေး၏စက်ဘီး ပျောက်ကွယ်သွားသည်

mgyoe.com

mgyoe.com
အထိ ငေးမောကြည့်နေမိ၏။ ထိုနေရာ၌ ဆက်၍ ရပ်နေမိသည်။

ပတ်ဝန်းကျင်မှာကား နှင်းများ မှောင်နေသဖြင့် မကြည်လင်။ ဤနှင်းအမှောင်သည် မောင်မင်းနောင်၏ ရင်တွင်းသို့ပါ ဝင်ရောက်နေကြသလိုပင်။ မောင်မင်းနောင်မှာ သူလိမ်လည်မိခြင်းအတွက်လည်းကောင်း၊ စားဝတ်နေရေးအကြား နစ်မြုပ်နေရသည့်ဘဝအတွက်လည်းကောင်း ရင်ထဲ၌ မကြည်မလင်နိုင်ရှာပေ။

စင်စစ်၌ အလွတ်ပညာသင်ကျောင်းရှိသော်လည်း ကျောင်းလစာ၊ စာအုပ်နှင့် စာရေးကိရိယာဖိုး၊ ပညာသင်ယူရန် လုံလောက်သည့်အချိန်၊ ထိုအရာတို့ပြည့်စုံရန်မှာ မလွယ်ပါတကား။ အလုပ်ကိုပင်ပန်းကြီးစွာ လုပ်ကိုင်ရပြီးကျန်အချိန်ကလေးများ၌ ပညာသင်ကြားနိုင်မည်ဆိုသည်မှာ မဖြစ်နိုင်။ ခွန်အားကုန်ခန်းလာခဲ့ပြီဖြစ်သဖြင့် အဘယ်သို့လျှင် စာသင်ကြားနိုင်တော့မည်နည်း။ စင်စစ်၌ ပညာသင်ကြားရေးမှာ အိမ်ဆောက်လက်သမားကလေးအတွက် ယုံတမ်းပုံပြင်မျှ ဖြစ်တော့သည်။

မောင်မင်းနောင်မှာ ခေါင်းငိုက်စိုက်ဖြင့် အလုပ်ရှိရာသို့ဆက်၍ လျှောက်လှမ်းလာခဲ့သည်။

ထိုညတွင်ကား မောင်မင်းနောင်သည် မခင်လေးကိုပေးရန် စာတစ်စောင်ရေးလေသည်။ တစ်ဖက်ကလည်း သူ့လို အလုပ်ကြမ်းသမားကလေးကို မခင်လေးက မေတ္တာတုံ့ပြန်လိမ့်မည်ဟုမထင်သဖြင့် အားငယ်လေသည်။ တစ်ဖက်ကလည်း စွဲလမ်း ချစ်ခင်စိတ်ကြောင့် စာပေးရန် တွေးတောဆုံးဖြတ်လေသည်။

ထိုအခါက တောအရပ်ဒေသများတွင် သုံးနှုန်းနေကျအတိုင်း သူ့စာပေါ်တွင် 'ချစ်နှမလေး' ဆိုတာမျိုးဖြင့် စတင်လိုက်ပုံကို ကိုမင်းနောင်ဘဝတွင် ပြန်တွေးမိသောအခါ ကိုမင်းနောင်ကား တစ်ကိုယ်တည်း ပြုံးရယ်မိပေလိမ့်မည်။

စာအစပိုဒ်တွင် ဒွေးချိုးကလေးတစ်ပုဒ် ပါသည်။ လွမ်းချင်းကလေးတစ်ပုဒ်ဖြင့် အဆုံးသတ်ထားရှာသည်။ စာတစ်စောင်လုံးမှာ ကာရန်များဖြင့် သံကြိုးကွင်းဆက် သီကုံးလေသည်။ ကာရန်များ ရှာဖွေနေရသောကြောင့် မိုးလင်းလုနီးမှ စာကို အဆုံးသတ်နိုင်သည်။
mgyoe.com

mgyoe.com

ထိုညက စာရေးအပြီး အိပ်ပျော်သွားသော အခါတွင်လည်း မောင်မင်းနောင်မှာ မခင်လေးကို အိပ်မက်ထဲတွင် တွေ့နေရပြန်သည်။

အိပ်မက်ထဲမှာပင် မခင်လေးသည် စံပယ်ပန်းများ တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်အောင် ပန်ထားသည်။ မခင်လေး ဝတ်ဆင်နေကျ ရွှေခြေချင်းမှာမူ ပို၍ကြီးမားနေသည်။ သူ့မျက်နှာကလေးပေါ်၌ စွဲမက်စရာ အပြုံးများ ဝေဆာနေသည်။ မခင်လေးက မောင်မင်းနောင်၏ ပေးစာကို ဖွင့်ဖတ်လိုက်ပြီး "နင်ဟာလေ ကြီးလာရင် ကဗျာဆရာဖြစ်မှာ" ဟူ၍ပြောကာ သူ့ကိုယ်ကလေး ယိမ်းထိုးနေသည်အထိ ရယ်မောနေရင်း မင်းသမီးကလေး ဖြစ်လာကာ အတောင်ပေါက်လာပြီး တောင်တန်းညို့ကြီးများရှိရာသို့ ပျံသွားနေရင်း "မခင်လေးက ဒွေးမယ်နော်လေ၊ မင်းက သုစနုဆိုရင် တောင်စဉ်ခုနစ်ထပ်ကို လိုက်ခဲ့ပေါ့" ဟု ပြောသွားသည်။ အိပ်မက်ထဲတွင် မောင်မင်းနောင်မှာ လွမ်းဆွတ်ကြေကွဲစွာ ငိုကြွေးရလေသည်။

နောက်နေ့တွင် မောင်မင်းနောင်သည် မခင်လေးနှင့် မြလိန္ဒာတောင်တော်ရှေ့တွင် တွေ့ဆုံရပြန်သည်။

ထိုအခါတွင်ကား မောင်မင်းနောင်မှာ ရင်ခုန်လွန်းသဖြင့် စာမပေးရဲအောင် ဖြစ်နေရသည်။

မခင်လေးသည် စက်ဘီးပေါ်မှခုန်ဆင်းကာ သူနှင့် မျက်နှာချင်းဆိုင်၌ ရပ်သည်။ မခင်လေးမှာလည်း မောင်မင်းနောင်ရှေ့တွင် ကြာရှည်ရပ်နေနိုင်ဟန်မတူ။

"ရှင့်ကို ဖေဖေက တွေ့ချင်လို့တဲ့။ အဲဒါ မခင်လေးပြန်ရင် ရှင့်ကိုခေါ်ခဲ့ရမယ်တဲ့၊ ဈေးထိပ်ကစောင့်နေ"

မခင်လေးသည် လမ်းနံဘေးရှိ ခရေပင်ကြီးကိုသာကြည့်ကာ ထိုစကားများကို အလွတ်ကျက်လာသလို ပြောရရှာသည်။ သူသည်လည်း စိတ်လှုပ်ရှားကာ အသံတုန်နေသည်။

ဤတစ်ခါတွင်မူ မောင်မင်းနောင်သည် မခင်လေး၏ ရှက်သွေးစို့နေသော မျက်နှာကလေးကို စူးစိုက်ငေးမော ကြည့်နေမိသည်။ မခင်လေးမှာ မနေ့ကဝတ်ခဲ့သည့် ကြက်သွေးရောင်အနွေးထည်ကို ခြုံလာခဲ့၏။ ယခုတစ်ခါတွင်ကား မောင်မင်းနောင်မှာ သူနှင့် မခင်လေးတို့သည် တစ်ဦးကို

mgyoe.com

mgyoe.com


တစ်ဦး ရင်းနှီးခင်မင်နေကြပြီဟု ထင်မိသည်။ မခင်လေးကလည်း သူ့ကို ပြန်၍ ချစ်နေသည်ဟု တွေးမိလာသည်။

မခင်လေးကား ချက်ချင်းပင် သူ့စက်ဘီးပေါ်သို့ ပြန်တက်ကာ ဆက်၍ နင်းသွားလေသည်။ ရှေ့နားတွင် ဈေးဘက်သို့ လမ်းခွဲအတိုင်း ချိုးကွေ့သွားနေသည်။

မောင်မင်းနောင်သည်လည်း ဈေးထိပ်သို့ သူ့ လက်နက်သေတ္တာကို ထမ်းကာ လျှောက်လာခဲ့သည်။

ထိုနေ့က မခင်လေးငှားသည့် မြင်းလှည်းသည် မောင်မင်းနောင်၏ဦးလေး ဖြစ်သူ ဦးခင်အောင်၏လှည်း ဖြစ်လေသည်။ မခင်လေးမှာ ဈေးမှ ဟင်းချက် စရာများကို ဝယ်ခြမ်းပြီး ဖခင် ဆရာဦးစိမ်းမောင်၏ ဆေးကုစခန်းသို့ ပို့ပေး ရလေသည်။ ဦးခင်အောင်၏ မြင်းလှည်းမှာ ဈေးအပြန်၌ ဟင်းချက်စရာများ တင်ဆောင်ရန်အတွက် မခင်လေး ငှားရမ်းနေကျဖြစ်၏။

ဈေးမှအပြန်တွင် မြင်းလှည်းသည် အရှေ့မှဖြစ်၏။ မခင်လေးမှာ စက်ဘီးဖြင့် မလှမ်းမကမ်းမှ လိုက်ပါလာသည်။

မြင်းလှည်းနှင့် စက်ဘီးဝေးနေလျှင် မောင်မင်းနောင်သည် မခင်လေးကို ငေးမောကြည့်ရဲသော်လည်း အနီးသို့ ကပ်လာသောအခါမကြည့်ဝံ့တော့ပြန် ပေ။

မြင်းလှည်းပေါ်တွင် ဦးခင်အောင်ကြီး စကားပြောလိုက်လာသည်ကို မောင်မင်းနောင်မှာ စိတ်မပါလက်မပါဖြင့် နားထောင်နေခဲ့ရသည်။ ဖြေရန် လိုအပ်လျှင်လည်း တိုတောင်းစွာ ဖြေနေမိသည်။ ဦးခင်အောင်ကြီး ရယ်သော် လည်း မောင်မင်းနောင်သည် လိုက်မရယ်မိပေ။

ဦးခင်အောင်သည် ဆရာဦးစိမ်းမောင်တို့ မိသားစုအကြောင်းလည်း ပြောသည်။ ဦးစိမ်းမောင် ကိုယ်ရေပြားရောဂါကုစခန်းဖွင့်လှစ်ရာ သူ့ဇနီး ဘက်မှပါသည့်ရွှေငွေပစ္စည်းများနှင့် လယ်တောများ ရောင်းချသုံးစွဲနေရာ သူ့သား (မခင်လေး၏ အစ်ကို) စိတ်မချမ်းသာတော့သဖြင့် အိမ်မှ ထွက်ခွာ သွားကြောင်းလည်းပါသည်။ မောင်မင်းနောင်ကို မခင်လေးနှင့် မည်သို့ ဆက်သွယ်မိပုံမေးကာ မောင်မင်းနောင်က ပြန်ပြောပြသည့်အခါတွင် သူ သည် "လက်စသတ်တော့ ငါ့တူက ကယ်တင်ရှင် သူရဲကောင်းကြီးကိုးကွ၊

mgyoe.com

mgyoe.com
အေး ... ကောင်းတယ်ဟေ့" ဟူ၍ အော်ပြောရင်း ရယ်မောလေသည်။

မောင်မင်းနောင်မှာ မခင်လေး မတော်တဆ ကြားသွားမည်ကို စိုးရိမ်သော်လည်း သူ့ဦးလေးကို "တိုးတိုးပြောပါ" ဟူ၍ မပြောရဲအောင်လည်း ဖြစ်နေရသည်။

မခင်လေးတို့ ခြံဝင်းမှာ ကျယ်ဝန်းလှလေသည်။ မြို့အထွက်တွင် သူတို့ နှစ်ထပ်အိမ်ကြီးအပေါ်သို့ မောင်မင်းနောင်မှာ ရုတ်တရက် မတက်ဝံ့စရာ ဖြစ်ခဲ့ရသည်။ သူတို့ခြံသို့ ချောင်းကလေးရောက်ရှိလာသည်မှာမူ မောင်မင်းနောင် အတွက် မခင်လေးနှင့်သူ့ကို ဤချောင်းကလေးက မေတ္တာချင်း ဆက်သွယ်ပေးနေသည်ဟု တွေးစရာဖြစ်လာပြန်သည်။

ခြံအဝင်တံတားထိပ်တွင် မြင်းလှည်းရပ်ရာ မောင်မင်းနောင်သည် မခင်လေး ဈေးတောင်းများကို သယ်ပိုးနေရင်း မခင်လေးရှေ့မှောက်တွင် သူ့စာကို ထည့်ပေးခွင့်ရလေသည်။ မခင်လေး၏ ဖခင်ကြီးကိုယ်တိုင် ပြတင်းဝမှလှမ်းကြည့်နေသဖြင့် မခင်လေးမှာ မျက်စိမျက်နှာ ပျက်နေသော်လည်း စာကို ပြန်မပေးဝံ့ရှာပေ။

မခင်လေးသည် မောင်မင်းနောင်၏ စာခေါက်ထည့်ထားသော တောင်းကိုကောက်မကာ အိမ်ပေါ်သို့ လှမ်းတက်သွားရတော့သည်။

ဆရာဦးစိမ်းမောင်သည် မောင်မင်းနောင်ကို အိမ်ပေါက်ဝမှ ထွက်ကြိုသည်။ မခင်လေးက အကြောင်းစုံ ပြောပြထားသဖြင့် ဆရာဦးစိမ်းမောင်မှာ ကျေးဇူးတင်စကား ပြောမဆုံးနိုင်အောင် ဖြစ်နေတော့သည်။ မခင်လေးသည် ဆရာဦးစိမ်းမောင်၏ တစ်ဦးတည်းသော သမီးကလေးပေတကား။

ခဏကြာလျှင် မခင်လေးသည် လက်ဖက်ရည်ပွဲကို မ,ကာ ဧည့်ခန်းဝသို့ လျှောက်ဝင်လာသည်။ မခင်လေးမှာ ခြေလှမ်းမှန်အောင် မနည်းနင်းလာနေသည်။ မျက်နှာမထားတတ်အောင် ဖြစ်နေသည်။ သူလှမ်းလာနေပုံကို မြင်ရသည်မှာ လက်ဖက်ရည်ပွဲ လွတ်ကျလိမ့်မည်ဟု ထင်နေရသည်။ သူ့မျက်လုံးမှာ လက်ဖက်ရည်ပွဲကိုသာ စူးစိုက်ငုံ့ကြည့်လာသည်။

ထိုအချိန်၌ပင် ဆရာဦးစိမ်းမောင်မှာ မောင်မင်းနောင်၏ ငယ်ရွယ်နုနယ်သည့်မျက်နှာကိုကြည့်ရင်း "မောင်မင်းနောင် ကျောင်းလည်းနေတုန်း ထင်ပါရဲ့" ဟူ၍ မေးနေသည်။

mgyoe.com

မခင်လေးသည်လည်း မလှမ်းမကမ်းတွင် ရောက်နေသည်။

မောင်မင်းနောင်မှာ မခင်လေးကို ပြောခဲ့ပြီးသည့်အတိုင်း အလွတ်ပညာ သင်ကျောင်းတက်ရောက်နေပါသည်ဟု ခပ်တိုးတိုးဖြေနေရလေသည်။

❑

mgyoe.com

mgyoe.com

# [၂]

ထိုအခါက မခင်လေးတို့ခြံထဲမှ ထွက်လာကာ လူချမ်းသာများ နေထိုင်ရာ ရပ်ကွက်အလယ်ရှိ သာယာလှပသည့် လမ်းတစ်လျှောက် လျှောက်လာခဲ့စဉ်တွင် မောင်မင်းနောင်မှာ ဇက်ကျိုးကျနေသလို ခေါင်းငုံ့လာနေမိသည်။

ယခုအချိန်တွင် သူ့ဖခင်ကြီးမှာ လက်နက်သေတ္တာရောက်မလာသေးသဖြင့် အလုပ်ရပ်ထားကာ သူ့ကို စောင့်မျှော်နေရှာမည်ကို တွေးမိသော်လည်း သူ့ခြေလှမ်းများမှာမူ မြန်မြန်လျှောက်၍ မရနိုင်အောင် လေးပင်နေတော့သည်။

လမ်းတစ်လျှောက်ရှိ တိုက်တာအိမ်ရာများ၊ သာယာလှပသည့် ပန်းဥယျာဉ်ငယ်များသည်လည်းကောင်း၊နှင်းမှုန်စဲစဲ၌ ကုန်းငယ်လှိုင်းနိမ့်မြင့်လမ်းကလေးနှင့် လမ်းကလေးနံဘေးသို့ ယှဉ်ကပ်လာသည့် ချောင်းကလေးစသည့် လှပသောရှုခင်းအမြင်တို့သည်လည်းကောင်း ရင်ထဲတွင် လေးလံ ပင်ပန်းနေရှာသည့် လူငယ်ကလေးတစ်ယောက်ကို ကြည်လင် ရွှင်လန်းစေရန် မပြုပြင်နိုင်ပေတကား။

အလွတ်ပညာ သင်ကြားရေးသည် စိတ်ကူးယဉ်၍ ကောင်းသည့်အရာဖြစ်သော်လည်း တကယ်လုပ်ရန် ကြံစည်သောအခါ၌ အခက်အခဲပေါင်းကုဋေကုဋာကြောင့် လက်တွေ့မဖြစ်မြောက်နိုင်သည့် အရာပေတကား။

mgyoe.com

mgyoe.com

မောင်မင်းနောင်မှာ မနိုင်ဝန်လေးကြီးကို ထမ်းဆောင်နေရသလို လက်တွေ့မဖြစ်မြောက်နိုင်မှန်း သိလျက်ဖြင့် ဖြစ်နိုင်သည့် အခွင့်အလမ်းတစ်ခုတလေ ရနိုးနိုးဖြင့် ရှာဖွေနေမိလေသည်။

တစ်ညဉ့်မှု မောင်မင်းနောင်သည် မဖြစ်နိုင်မှန်းသိလျက်ဖြင့် သူ့ဖခင်ကြီးကို ဖွင့်ပြောလိုက်လေသည်။

မည်သည့် ဖခင်သည် ပညာသင်ကြားချင်ရှာသည့် သား၏ အလိုဆန္ဒကို ဆန့်ကျင်ချင်ပါမည်နည်း။

မောင်မင်းနောင်၏ ဖခင်ကြီးမှာ တစ်သက်လုံးအလုပ်နှင့်လက် မပြတ်အောင် လုပ်လာခဲ့ရသူဖြစ်၏။ မောင်မင်းနောင်၏မိခင်ကြီးမှာ နှစ်ရှည်လများဝေဒနာအမျိုးမျိုး စွဲကပ်နေခဲ့ခြင်း၊ မောင်မင်းနောင်၏နှမကလေးတွင် ဝက်ရူးရောဂါစွဲကပ်နေခြင်းများကြောင့် သူတို့အတွက် တတ်နိုင်သမျှ ဆေးဝါးကုသပေးရန် မောင်မင်းနောင်၏ ဖခင်ကြီးမှာ မောင်မင်းနောင်ကို အရွယ်မရောက်မီကတည်းက အလုပ်ခိုင်းစေခဲ့ရသည်။ သူတို့သားအမိ ကွယ်လွန်သောအခါတွင်လည်း သင်္ဂြိုဟ်စရိတ်နှင့် ကြွေးပေါင်းမြောက်မြားစွာ တင်နေခဲ့ရာ ရှိသမျှကိုယ်ပိုင်ပစ္စည်းများ၊ တောရွာတွင်ရှိသည့် အိမ်နှင့်ခြံကိုရောင်းချပြီး ကြွေးတချို့တစ်ဝက်ဆပ်ကာ လက်သမားလုပ်ငန်း မပြတ်အစဉ် လုပ်နေရမည်ထင်သည့်ဤမြို့ကလေးသို့ သားအဖနှစ်ယောက် ပြောင်းရွှေ့လာခဲ့သည်။ မြို့တွင်ကားဖခင်ကြီး၏လက်သမားနာမည်သည် ကျော်ကြားလာပြီး လုပ်ငန်းအစဉ်မပြတ်ရရှိနေခဲ့သည်။ သားအဖနှစ်ယောက် နေထွက်မှနေဝင်အထိ အလုပ်လုပ် ဆပ်သော်လည်း ကြွေးများ မကျေနိုင်သည့်အထဲတွင် ဖခင်ကြီးမှာသူ့ညီအိမ်တွင် ကြာရှည်နေချင်စိတ်မရှိသဖြင့် ယခုရှိသည့် ခြံနှင့်အိမ်ကလေးကို တစ်ဝက်ချေကာ ကျန်တစ်ဝက်ကို အရစ်ကျစနစ်ဖြင့်ပေးဆပ်ပါမည်ဟုဝယ်လိုက်သည်။ ဤသို့ဖြင့် အလုပ်အကိုင် မပြတ်မလတ်ရနေသဖြင့် တစ်ဖက်က ဝမ်းမြောက်ရသော်လည်း တကယ်တမ်းတွင်မူ အသက်ရှူပေါက်ကလေးတစ်ခုသော်မျှ မမြင်နိုင်။

ဖခင်ကြီးမှာ သက်ပြင်းချကာ မျက်နှာညှိုးနေရှာသည်။

ကျောင်းလစာ၊ စာအုပ်ဖိုးများသည်လည်း ကြီးလေးလှသည့် ဝန်ထုပ်ဝန်ပိုးကြီးများပါတကား။ ကျောင်းတက်သဖြင့် အလုပ်ကို စောစောသိမ်း

mgyoe.com

ပေးကာ အလုပ်ဝင်ငွေကိုလည်း လာ၍ထိခိုက်ပေလိမ့်ဦးမယ်။ တစ်နေ့ကုန် အလုပ်ကို ပင်ပန်းကြီးစွာ လုပ်နေရသူမှာ ကျောင်းစာကိုသော်လည်းကောင်း၊ ပညာဆိုသည်ကိုလည်းကောင်း ဂရုစိုက်နေနိုင်တော့မည်မဟုတ်။ ခြေပစ် လက်ပစ် အနားယူရပေမည်။

ဖခင်ကြီးသည် ခေါင်းကို တစ်ချက်ရမ်းလိုက်၏။

"နေဦးကွာ" ဟူ၍ မချိတင်ကဲဖြင့် ငြင်းပယ်ရှာသည်။

မှန်အိမ်မီးရောင် လက်လက်အောက်တွင် မောင်မင်းနောင်သည် ဖခင်အိုကြီးကိုကြည့်ကာ စာဒကလည်း မတက်ချင်တော့ပေ။ ဤအဖြစ်အတွက် ဝမ်းလည်းနည်းမနေချင်တော့ပေ။

ဖခင်ကြီးကား အိုစာလှပေပြီ။ ဆံပင်များ ဆွတ်ဆွတ်ဖြူကာ မီးရောင် လဲ့လဲ့အောက်တွင် ဘော်ခွာငွေသားရောင် တောက်နေသည်။

မောင်မင်းနောင်သည် စကားဝိုင်းကိုဖြတ်ခဲ့ကာ အိပ်ရာသို့လျှောက်လာပြီး ပစ်လှဲလိုက်၏။ ထိုညက သားအဖနှစ်ယောက်စလုံး အိပ်ရာစောစောဝင်ကြသည်။ လူက ပင်ပန်း၍ အခါတိုင်းက အိပ်ရာထဲ ရောက်လျှင် ရောက်ချင်း အိပ်မောကျသွားတတ်သော်လည်း ထိုညတွင်မူ စိတ်ပါပင်ပန်းရသဖြင့် သားအဖနှစ်ယောက်စလုံးမှာ အိပ်မပျော်နိုင်အောင် ဖြစ်ကြရသည်။

ဤသို့ ရင်ထဲတွင် ပူလောင်ကာ အိပ်မပျော်နိုင်တော့သည့် တိတ်ဆိတ်သော ညဥ့်ယံတွင်ကား ချောင်းရေစီးသံသည်လည်း မောင်မင်းနောင်ကို နှစ်သိမ့်ပေးနိုင်မည်မဟုတ်။

နောက်ရက် နံနက်များတွင် အလုပ်သွားရင်း မခင်လေးနှင့် ဆုံတွေ့နေကျ နေရာများ၌ နှင်းမှုန်များ ကျနေဆဲတွင် ဆုံတွေ့ရသော်လည်း မောင်မင်းနောင် မှာ မခင်လေးကို ချစ်ရေးဆိုချင်စိတ်လည်း မရှိတော့ပေ။

မခင်လေးမှာမူ မောင်မင်းနောင်ကိုတွေ့လျှင် ရှေ့တည့်တည့်ကိုသာ ကြည့်ကာ ကြောက်လန့်တကြားဖြင့် စက်ဘီးကို အပြင်းနင်းလာသည်။ သူ့မျက်နှာ ဝင်းပပကလေးမှာ တမင်တင်းထားရဟန်ဖြင့် တင်းမာနေသော်လည်း သူ့အလှမှာမူ မပျက်ပြယ်နိုင်။

သူ့စက်ဘီးလွန်သွားလျှင်မူ မောင်မင်းနောင်သည် နောက်ပြန်လှည့်ကာ ငေးမောကြည့်နေမိလေသည်။ တောင်းပဒေသာများဆွဲထားသည့် စက်ဘီးမှာ

mgyoe.com

mgyoe.com


တလှုပ်လှုပ်တခါခါဖြင့် ထူထပ်မှောင်ပိန်းနေသော နှင်းထုကြီးအောက်တွင် ပျောက်ကွယ်သွားမှ မောင်မင်းနောင်သည် ခရေပင်အောက်မှ ခွာကာ သူ့လမ်းသူ ဆက်လျှောက်လာခဲ့သည့်တိုင် မျက်လုံးထဲတွင်မူ မခင်လေး၏ ဝင်းပပမျက်နှာကလေးမှာ တဝဲဝဲ တလည်လည် လိုက်ပါနေပြန်သည်။

တစ်ညနေ၌မူ မောင်မင်းနောင်သည် မခင်လေးကိုပေးရန် ဒုတိယစာကို ရေးမိသည်။ ဤစာမှာ ချစ်ရေးဆိုသည့်စာဟူ၍လည်း မဆိုနိုင်တော့ပေ။ မောင်မင်းနောင်သည် ယခင်တစ်ခါ ရေးခဲ့သလို ကာရန်နသောများဖြင့် မရေးတော့ဘဲ စကားပြောသလိုရေးခဲ့သည်။ ဤစာ၌ သူ၏ကျောင်းမနေနိုင်သည့်ဘဝကို အမှန်အတိုင်း ရေးမိကာ မခင်လေးနှင့် မခင်လေး၏ဖခင်ကြီးကို လိမ်လည်ပြောမိခြင်းမှာ အထင်သေးမည် စိုးမိသည့်အတွက် ဖြစ်ပါကြောင်း တောင်းပန်လေသည်။

စာကိုအဆုံးသတ်ပြီးခါမှ မောင်မင်းနောင်မှာ ယခုစာကို မခင်လေးဖတ်ရလျှင် သူ့ကိုအထင်သေးတော့မည်ဟု စိုးရိမ်မိလာသည်။ မခင်လေး၏ မေတ္တာနှင့် အလှမ်းကွာဝေးသွားမည်ကိုလည်း စိုးရိမ်မိတော့သည်။ ဤသို့ဖြင့် ထိုစာကို ဆုတ်ဖြဲလိုက်၏။

ဒုတိယစာကို ထပ်ရေးသည်။ ထိုစာကား ပထမပေးပြီးစာကဲ့သို့ ကာရန်များဖြင့် ကဗျာတစ်ပုဒ်လို သီကုံးထားရှာသည့် စာပေတကား။

ဤသို့ဖြင့် တစ်နံနက်၌ မောင်မင်းနောင်သည် သူ၏ဒုတိယစာကိုပေးရန် အလုပ်ကို စောစောထွက်လာခဲ့ကာ လမ်းမကြီး၏ချောင်းကူးတံတားပေါ်မှ ကြိုစောင့်နေခဲ့၏။

မခင်လေးအလာတွင် စက်ဘီးကို အဓမ္မတားဆီးကာ ဒုတိယစာကိုပေးလေသည်။

မခင်လေးမှာ စာကိုယူကာ ချောင်းထဲသို့ လွှင့်ပစ်ခဲ့လေသည်။

ခရေပွင့်စာကလေးသည် ညင်ညင်သာသာစီးနေသည့်ချောင်းရေပေါ်၌ မျောပါသွားနေ၏။ ချောင်းကမ်းပါးသို့ ပြေးကပ်ကာ သစ်ရွက်ခြောက်များနှင့်အတူ ဖောင်ဖွဲ့လေသည်။ ထို့နောက် ကမ်းပါးမှခွာကာ ခဏကြာလျှင် ကျောက်တုံးတစ်ခုနှင့် တိုက်မိကာ တဖြည်းဖြည်းရေအောက်သို့ နစ်မြုပ်သွားနေသည်။

mgyoe.com

mgyoe.com

မခင်လေး၏ တောင်းပဒေသာစက်ဘီးသည်လည်း မြလိန္ဒာတောင်တော်ကွေ့၌ တရွေ့ရွေ့ပျောက်ကွယ်သွားနေသည်။

× × ×

ထိုမှ နောက်နေ့များတွင်ကား မောင်မင်းနောင်မှာ မခင်လေးမျက်နှာကို မြင်လိုသော်လည်း မမြင် မတွေ့နိုင်တော့ပေ။ မခင်လေးကား ဈေးလာချိန်ကိုလည်းပြောင်းလိုက်၏။ စက်ဘီးဖြင့်လည်း မလာတော့ပေ။ မြင်းလှည်းများကိုသာ အသွားအပြန်ငှားရမ်း သွားလာနေတော့သည်။

မောင်မင်းနောင်မှာ မခင်လေး မျက်နှာကို မြင်တွေ့ချင်မိသော်လည်း အလုပ်အပျက်မခံနိုင်သဖြင့် သူ့မြင်းလှည်းလာသည်အထိလည်း စောင့်မနေနိုင်။ သူ၏ဒုတိယစာကိုပေးမိခြင်းအတွက် နောင်တရ မဆုံးနိုင်အောင်သာ ဖြစ်နေမိတော့သည်။

တစ်နံနက်၌ကား မခင်လေးမျက်နှာကို တစ်ကြိမ်ထပ်မံမြင်တွေ့ခွင့်ရလေသည်။

စင်စစ်၌ ထိုသို့မြင်တွေ့ခွင့်မရခြင်းသည်ပင် ပို၍ကောင်းသေးသည်ဟု မောင်မင်းနောင် ထင်မိရှာသည်။

ထိုနေ့တွင်မူ မခင်လေးလာချိန်မှာ စောနေလေသည်။ မခင်လေးသည် ဦးခင်အောင်၏မြင်းလှည်းကို ငှားလာခဲ့၏။ မြလိန္ဒာတောင်တော်ကွေ့တွင် ဦးခင်အောင်ကြီး၏ ဖောင်းဝတ်ရောင်မြင်းကြီးမှာ မှန်မှန်ပြေးလာနေသည်။ မြင်းလှည်းပေါ်၌ပါလာသည့် မခင်လေး၏ ဝင်းစက်စက် မျက်နှာကလေးကို အဝေးကတည်းကပင် တွေ့မြင်နေရသည်။ မခင်လေးသည်လည်း မောင်မင်းနောင်ကို တွေ့မြင်ရဟန်ဖြင့် မျက်နှာလွှဲလာသည်။

မြင်းလှည်းသည်လည်း တရွေ့ရွေ့ နီးကပ်လာနေသည်။

မြင်းလှည်းအနီးသို့ရောက်လာသောအခါ မောင်မင်းနောင်မှာ လေပွေလို ပရန်းပတာဖြစ်သည့် စိတ်ကူးတစ်ခု ပေါ်လာသည်။ ဘာမျှရည်ရွယ်ချက် မရှိဘဲနှင့် မောင်မင်းနောင်သည် လမ်းလယ်သို့ထွက်ရပ်ကာ မြင်းလှည်းကို လက်ပြတားလေသည်။

ဦးခင်အောင်သည်လည်း သူ့တူရှေ့၌ မြင်းလှည်းကိုထိုးရပ်လိုက်သည်။

mgyoe.com

ဤသို့ မြင်းလှည်းရပ်သည့်အခိုက်၌ မခင်လေး၏ မျက်လုံးများသည် အစိမ်းရောင်တောက်လာတော့သည် ထင်ရ၏။ မျက်နှာကလေးတစ်ပြင်လုံး နီမြန်းလာသည်။

"မောင်းမှာသာမောင်းစမ်းပါ၊ ဦးလေးဒီလိုမလုပ်ပါနဲ့၊ ကျွန်မ စင်းလုံးငှားလာတာ၊ စကားမပြောချင်ပါဘူးဆိုမှ မပြောရမှာ ပြောနေရတယ်"

မခင်လေး၏ တောက်ခေါက်သံကြား၍ ဦးခင်အောင်ကြီး မျက်နှာမှာမူ ရွှင်လန်းစွာပြုံးနေသည်။

"နောက်တစ်ခေါက် သတ်သတ်လာခေါ်မယ် ငနောင်ရေ့ .... ဒီက စောင့်နေ" ဟူ၍ ဦးခင်မောင်သည်လည်း ပြောင်လှောင်သံဖြင့် အော်ပြောပြီး နှစ်နှစ်ခြိုက်ခြိုက်ရယ်လေသည်။

မောင်မင်းနောင်သည် မခင်လေးမျက်နှာကို ငေးကြည့်ရင်း နောက်ဆုတ်ပေးလိုက်၏။ ဦးခင်အောင် ကြာပွတ်သံပေးလိုက်သည်နှင့် ဖောင်းဝတ်ရောင်မြင်းကြီးမှာ ကဆုန်ပေါက်ကာ ထွက်ခွာတော့သည်။

❑

mgyoe.com